EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၀၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၅) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (ဖေဖော်ဝါရီ ၉ - ဖေဖော်ဝါရီ ၁၅၊ ၂၀၁၈)

အလုပ်အကိုင် အခွင့်အလမ်း

အလုပ်အကိုင် အခွင့်အလမ်းများကို စာမျက်နှာ ၁၅ တွင် အပါတ်စဉ် ဖော်ပြပေးသွားပါမည်

## ကဆုန့်ကျေးရွာအနီးရှိ KIA နယ်မြေကို လေကြောင်းဖြင့် လာရောက်ပစ်ခတ်မည်ဟု အမည်မသိလူတစ်ဦး၏ ဖုန်းဆက်ပြောဆိုမှုကြောင့် ဒေသခံများ ထိတ်လန့်နေ

စာ - ၂ သို့ »

# တိုက်ပွဲကြောင့် ပိတ်မိနေသော ပြည်သူများအား ကယ်ထုတ်ရေး ပြည်သူ ၅ ထောင်ကျော် ဆန္ဒထုတ်ဖော်

စာ - ၃ သို့ »




စစ်ဘေးသင့်ပြည်သူများအား ကယ်ထုတ်နိုင်ရေး ဆန္ဒထုတ်ဖော်နေကြသည်ကို တွေ့ရစဉ် ဓါတ်ပုံ - Salai

## မြစ်ကြီးနားမြို့တွင် မတ်လ ၂၆ ရက်မှ ၃၀ ရက်အထိ ကျောက်မျက်ရတနာပြပွဲ ပြုလုပ်မည်

စာ - ၂ သို့ »

## ဝိုင်းမော်ဆေးရုံကို ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ပေးရန်အဆိုကို လွှတ်တော်က အတည်ပြု

စာ - ၅ သို့ »

## မိုင်းခေါင်ကျေးရွာရှိ ကေဘီစီနှင့် ရိုမန်ကတ်သလစ် စစ်ရှောင်စခန်းမှ အမျိုးသားနှစ်ဦး ဇန်နဝါရီလ နောက်ဆုံးပတ်ကတည်းက ပျောက်ဆုံးနေ

စာ - ၁၅ သို့ »

စိတ်အပန်းဖြေဖို့ ရုပ်ရှင်ကြည့်မယ်ဆိုရင် ယခုအပါတ် ရုံတင်မည့်ရုပ်ရှင် ကာတ်ကားအညွှန်း

စာ - ၁၃ သို့ »

## ရန်ပုံငွေရရှိပါက နောင်မွန်လေယာဥ်ကွင်းကို ဆက်လက်တည်ဆောက်သွားမည်

စာ - ၁၁ သို့ »

## တောင်းရမ်းစားသောက်သူများကို အသက်မွေးပညာများ သင်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဥပဒေနှင့်အညီ အရေးယူခြင်းများ လုပ်ဆောင်နေ

စာ - ၁၁ သို့ »

# ကဆုန့်ကျေးရွာအနီးရှိ KIA နယ်မြေကို လေကြောင်းဖြင့် လာရောက်ပစ်ခတ်မည်ဟု အမည်မသိလူတစ်ဦး၏ ဖုန်းဆက်ပြောဆိုမှုကြောင့် ဒေသခံများ ထိတ်လန့်နေ

ဖေဖော်ဝါရီ ၆

ကဆုန့်ကျေးရွာအနီးရှိ KIA တပ်ရင်း (၁၀) နယ်မြေကို ရဟတ်ယာဉ်ဖြင့် လာရောက်ပစ်ခတ်မည်ဟု ကဆုန့်ကျေးရွာ အုပ်ချုပ်ရေးမှူးထံ အမည်မသိလူတစ်ဦးက ဖုန်းဆက်အကြောင်းကြားခြင်းကြောင့် ဒေသခံများ ကြောက်လန့်နေကြရသည်ဟု ၎င်းတို့၏ ပြောကြားချက်အရ သိရသည်။

ဖေဖော်ဝါရီ လ ၄ ရက် ည ၉ နာရီခွဲခန့်က အကြောင်းကြားခြင်းဖြစ်ပြီး ရဟတ်ယာဉ်ဖြင့် ပစ်ခတ်မည်ဖြစ်သည့်အတွက် ဒေသခံရွာသားများအား ထွက်ပြေးတိမ်းရှောင်ရန် စေခိုင်းလိုက်သည်ဟု အုပ်ချုပ်ရေးမှူးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောပြသည်။

“ည ၉ ခွဲမှာ ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက် ဖုန်းဆက်လာတယ်။ ကဆုန့်အုပ်ချုပ်ရေးမှူးလားတဲ့။ ရင်း၁၀ကို လေယာဉ်ပျံနဲ့ လာတိုက်မယ်ဆိုတဲ့ အစီအစဉ်သတင်းရထားတယ်။ ပြည်သူတွေကို ထိလာမှာစိုးလို့ နည်းနည်းရှောင်ပေးရင် ကောင်းတယ်ဆိုပြီး ပြောတာ”ဟု ကဆုန့်အုပ်ချုပ်ရေးမှူးက ရှင်းပြသည်။

သို့သော် မည်သည့်နေ့ မည်သည့်အချိန်တွင် လာရောက်ပစ်ခတ်တိုက်ခိုက်မည်ကိုတော့ ပြောဆိုခြင်းမရှိကြောင်း၊ ၎င်းကို ဖုန်းပြန်လည်ဆက်သွယ်သော်လည်း ဖုန်းပိတ်ထားကြောင်း၊ အဆိုပါ ပြောကြားချက်များကြောင့် ဒေသခံများ ထိတ်လန့်ကြောက်ရွံ့နေကြောင်း သိရသည်။

“ဖုန်းပြန်ဆက်တော့ သူ့ဖုန်းက ပိတ်ထားတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ကျွန်တော်သိတဲ့ဂိတ်က ဗိုလ်ကြီးတွေကို ဖုန်းဆက်မေးကြည့်တော့ ကျွန်တော်တို့တော့ မဆက်ဘူး။ တစ်ယောက်ယောက်က ခြိမ်းခြောက်တာနေမှာလို့ ပြန်ပြောတယ်”ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ သတင်းကြောင့် ကဆုန့်ဒေသခံအချို့မှာ လက်ရှိအချိန်တွင် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ ၎င်းတို့၏ ဆွေမျိုးများ၏ နေအိမ်များတွင် ခိုလှုံနေကြပြီး အချို့ဒေသခံများမှာမူ ၎င်းတို့၏ နေအိမ်များတွင် ပုံးခိုကျင်းများတူးကာ နေထိုင်ကြကြောင်း သိရသည်။

“အုပ်ချုပ်ရေးမှူးက ကျေးရွာအနီးမှာ လေယာဉ်တွေလာရင် ဘယ်အချိန်ဖြစ်ဖြစ် ချက်ချင်း ပုံးခိုရမယ်။ ကိုယ့်အသက်ကိုယ် ကာကွယ်ဖို့ကို ပြောထားတယ်။ ဒါပေမယ့် အရမ်း ဝေးတဲ့မြို့တွေမှာ သွားဖို့မဟုတ်ဘဲ နေအိမ်မှာ တူးထားတဲ့ ပုံးခိုကျင်းတွေမှာ တိမ်းရှောင်ဖို့ သတိပေးထားတယ်”ဟု ဒေသခံများက ပြောပြသည်။

၂၀၁၇ ခုနှစ်ကလည်း ကဆုန့်ကျေးရွာ၌ တပ်မတော်က ပစ်ခတ်သည့် လက်နက်ကြီးများ ကျရောက်လာသည့်အတွက် ရွာလုံးကျွတ်စစ်ဘေးတိမ်းရှောင်ခဲ့ရသည်။

လဖိုင်လု

# NLD အစိုးရသည် ပြည်တွင်းစစ်ကို ပိုမိုတွန်းအားပေးရာရောက်နေသည်ဟု စစ်ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ကူညီရေးကော်မတီ သဘောထားထုတ်ပြန်

ဖေဖော်ဝါရီ ၆

ပြည်တွင်းစစ် ပြင်းထန်နေချိန်တွင် NLD အစိုးရအနေဖြင့် ယခုကဲ့သို့ ရေငုံနှုတ်ဆိတ်နေခြင်းသည် ပြည်တွင်းစစ်ကို ပိုမိုတွန်းအားပေးနေခြင်းဖြစ်သည်ဟု စစ်ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ကူညီရေး ကော်မတီက သဘောထားထုတ်ပြန်ခဲ့သည်။

တနိုင်းဒေသတွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့အကြား ပြင်းထန်တိုက်ပွဲများဖြစ်ပွားနေပြီး ထိုတိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့်ပြည်သူ ၂၀၀၀ ကျော်မှာ နမ့်ကောင်ကျေးရွာတွင် ပိတ်မိနေကာ ဆွမ်ပရာဘွမ်ဒေသများတွင်လည်း ဇန်နဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ဒေသခံ ၇၅၄ ဦးတောထဲသို့ ထွက်ပြေးတိမ်းရှောင်နေကြရခြင်းအပေါ် အဆိုပါ ကော်မတီက ယခုကဲ့သို့ ထုတ်ပြန်ခြင်း ဖြစ်သည်။

“စစ်တွေဖြစ်ပြီး ပြည်သူတွေ အရမ်းဒုက္ခရောက်နေတဲ့အချိန်မှာ ကျွန်မတို့ မဲထည့်လို့ အစိုးရဖြစ်လာတဲ့ NLD အစိုးရက ဘာအသံမှမထွက်ဘဲ နှုတ်ဆိတ်နေတယ်။ အဲဒါကို လုံးဝမလိုချင်ဘူး။ သူတို့အနေနဲ့ နှုတ်ဆိတ်မနေဘဲ ဒီအရေးတွေကို လုပ်ဆောင်ပေးဖို့ လိုတယ်” ဟု စစ်ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ကူညီရေးကော်မတီမှ ဒေါ်နန်ပူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

စစ်ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ကူညီရေးကော်မတီက ထုတ်ပြန်သည့် သဘောထားထုတ်ပြန်ချက်ထဲတွင် “အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားကာ တိုက်လေယာဉ်ဖြင့် ပုံးကျဲချခြင်း၊ သတ်ဖြတ်ခြင်း၊ ပြည်သူလူထုအား ဓားစာခံပြုလုပ်ခြင်းနှင့် လူသားဒိုင်းပြုလုပ်ခြင်းကို ကန့်ကွက်ရှုတ်ချသည်” ဟုလည်း ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ထို့အပြင် စစ်ဘေးရှောင်ပြည်သူများအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဟန့်တားခြင်းများ ရှိနေသည့်အတွက် ယခုကဲ့သို့ သဘောထား ထုတ်ပြန်ရခြင်းဖြစ်ကြောင်း ဒေါ်နန်ပူကဆက်လက်ပြောသည်။

“အဲဒီမှာရှိတဲ့ ပြည်သူတွေက စားနပ်ရိက္ခာပြတ်တောက်လာတယ်။ စားဖို့သောက်ဖို့ မရှိဘူး။ စားနပ်ရိက္ခာတွေ အမြန်ဆုံး ထောက်ပံ့ပေးနိုင်ဖို့အတွက် အခုလိုသဘောထား ထုတ်ပြန်တာ ဖြစ်တယ်” ဟု ဒေါ်နန်ပူက ဆိုသည်။

တိုက်ပွဲဖြစ်ပွားခြင်းနှင့် ပတ်သက်၍ NLD အစိုးရအနေဖြင့် ယခုကဲ့သို့ နှုတ်ဆိတ်မနေဘဲ တိုက်ပွဲကြောင့် ပိတ်မိနေသည့် ပြည်သူများကို ကယ်ထုတ်ပေးရန် အမြန်ဆုံးဆောင်ရွက်စေလိုသည်ဟု ဒေါ်နန်ပူက ပြောသည်။

“မြန်မာ့တပ်မတော်ကို အစိုးရက ပြည်သူတွေကို ပုံးကျဲပြီးတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး လုံးဝမလုပ်ဖို့ ပြောရမယ်။ ပြီးတော့ ဒီလိုပိတ်မိနေတဲ့ ပြည်သူတွေကို ကယ်ထုတ်ဖို့ ဦးဆောင်ပြီး လုပ်ရမယ်။ ဒီလိုလုပ်တဲ့ တပ်မတော်ကိုလည်း ရှုတ်ချပြီးမလုပ်အောင် အသံထွက်ရမယ် ပြောသင့်တယ်”ဟု ဒေါ်နန်ပူကဆိုသည်။

ဇန်နဝါရီလ ၂၆ ရက်က တနိုင်းဒေသရှိ နွယ်ဂျေဘွမ်နှင့် ဇီးဖြူကုန်းနယ်မြေများတွင် မြန်မာ့တပ်မတော်၏ လေကြောင်းဖြင့် ပုံးကျဲခြင်း၊ လက်နက်ကြီးများ ပစ်ခတ်ခြင်းတို့ကြောင့် ပြည်သူ ၃ ဦး သေဆုံးပြီး ၅ ဦး ဒဏ်ရာရရှိခဲ့သည်။

Salai

# မြစ်ကြီးနားမြို့တွင် မတ်လ ၂၆ ရက်မှ ၃၀ ရက်အထိ ကျောက်မျက်ရတနာပြပွဲ ပြုလုပ်မည်



ဖေဖော်ဝါရီ ၆

မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ် ပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲကို မတ်လ ၂၆ရက်မှ ၃၀ရက်အထိ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ယင်းပြပွဲတွင် ကျောက်မျက်အချောထည်များကို Cash Memo ချိတ်ပိတ် သယ်ဆောင်စနစ်အရောင်းပြပွဲနှင့် မြန်မာကျပ်ငွေဖြင့် ကျောက်စိမ်းဖြတ်သား(စီ/ဒီ) ပြသရောင်းချသွားမည်ဖြစ်ကာ ယင်းပြပွဲ ပြုလုပ်နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုထားပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ မတ်လနောက်ဆုံးအပတ်လောက်မှာ လုပ်သွားမှာပါ။ ကျောက်စိမ်းတွေ ထွက်နေတဲ့ ဒီပြည်နယ်မှာ ဒီလို ပြပွဲမျိုးတွေက လုပ်သင့်တယ်လေ။ ဒါမှ ကျောက်စိမ်းဈေးကွက်က ဒီမှာအားပြန်ကောင်းလာမှာ။ တစ်ဦးချင်းဝင်ငွေလည်း တိုးလာမှာ” ဟု ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌဦးတူးခေါင်က ပြောသည်။

ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်း၏ ဦးစီးဆောင်ရွက်မှုဖြင့် ခရီးသွားဧည့်သည်များ၏ ပြယုဂ်တစ်ခုလည်း အကြောင်းအမျိုးမျိုးဖြစ်လာစေရေးနှင့် ဒေသခံပြည်သူများ လွတ်လပ်စွာ တရားဝင်ရောင်းချနိုင်ရန် ကျောက်မျက်အချောထည်လုပ်ငန်းဖြစ်သည့် ပန်းပု၊ ပန်းချီ၊ လက်ကောက်၊ ပုတီးများ ပြုလုပ်နိုင်ရန် ကျောက်မျက်ရောင်းဝယ်ရေးစင်တာကြီး ဖွင့်လှစ်ထားပြီးဖြစ်သော်လည်း ကျောက်မျက်အရောင်းအဝယ် မဖြစ်ထွန်းသောကြောင့် ထိုစင်တာတွင် ကျောက်မျက်ရောင်းဝယ်သူ နည်းပါးလျက်ရှိကြောင်း သိရသည်။

မြစ်ကြီးနားမြို့တွင် ပြုလုပ်မည့် ယခု ကျောက်မျက်ပြပွဲကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြသရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

ယင်းပြပွဲတွင် နိုင်ငံခြားသားများ လွပ်လပ်စွာဝယ်ယူနိုင်ရန် ကန်ပိုင်တီနယ်စပ်ကုန်သွယ်ရေးဂိတ်ကို အပြည်ပြည်ဆိုင်ရာ နယ်စပ်ကုန်သွယ်စခန်းအဖြစ် အဆင့်မြှင့်တင်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျောက်မျက်ရတနာရောင်းဝယ်ရေးစင်တာတွင် ရတနာဆိုင်ခန်းပေါင်း ၁၇၇ ခန်း၊ ပျံကျဆိုင်ခန်း ၁၈၆ ခန်း၊ ဖြတ်သွေးဆိုင်ခန်း ၃၈ ခန်း၊ စားသောက်ဆိုင်ခန်း ၁၈ ခန်းနှင့် One Stop Service ရုံးအား ၂၀၁၄ဇွန်လတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)



# တိုက်ပွဲကြောင့် ပိတ်မိနေသော ပြည်သူများအား ကယ်ထုတ်ရေး ပြည်သူ ၅ ထောင်ကျော် ဆန္ဒထုတ်ဖော်

ဖေဖော်ဝါရီ ၆

တိုက်ပွဲများကြောင့် ပိတ်မိနေသည့် စစ်ဘေးသင့်ပြည်သူများအား ကယ်ထုတ်နိုင်ရေးအတွက် ဖေဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကချင်ဒေသခံ ၅၀၀၀ ကျော် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။



မြစ်ကြီးနားမြို့တွင် စစ်ဘေးသင့်ပြည်သူများအား ကယ်ထုတ်နိုင်ရေး ဆန္ဒထုတ်ဖော်နေကြသည်ကို တွေ့ရစဉ် ဓါတ်ပုံ - Salai

အဆိုပါ ဆန္ဒဖော်ထုတ်ကြသည့် ပြည်သူများသည် မြစ်ကြီးနားစိတာပူရှိ မနောင်ကွင်းတွင် နံနက် ၉ နာရီအချိန်၌ စတင်စုဝေးပြီး ပီနိုင်း၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ မြစ်ကြီးနားမြို့အတွင်းသို့ လှည့်လည်ဟစ်ကြွေး၍ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

ထိုပြည်သူ ၅၀၀၀ ကျော်သည် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်မှ ဒေသခံများဖြစ်ပြီး ၎င်းတို့ထဲတွင် စစ်ရှောင်စခန်းမှ ပြည်သူများလည်းပါဝင်ကြောင်း သိရသည်။

တိုက်ပွဲများကြောင့် ပိတ်မိနေသည့် ပြည်သူလူထုများ အမြန်ဆုံးလွတ်မြောက်လာရေးနှင့် ပိတ်မိနေသည့် ပြည်သူများအား စားနပ်ရိက္ခာ အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရန်အတွက် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း စစ်ဘေးသင့်ပြည်သူများအား အရေးပေါ် ကယ်ဆယ်ကူညီရေးကော်မတီမှ ဥက္ကဋ္ဌဦးဇော်ဂျတ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

၎င်းတို့အနေဖြင့် ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့် တွေ့ဆုံရန်အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း တွေ့ခွင့်မရရှိခဲ့သည့်အတွက် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

"တိုင်းမှူးရယ်၊ ဝန်ကြီးချုပ်ရယ်နဲ့ တွေ့ဖို့ချိန်းတယ်။ ဒါပေမယ့် တွေ့ခွင့်မရခဲ့သလို ဘာမှအကြောင်းပြန်တာလည်း မရှိဘူး။ စာတင်ရင်လည်း ဘာမှအကြောင်းမထူးတော့ လူထုနဲ့အတူ အခုလို ဆန္ဒထုတ်ဖော်ရခြင်းဖြစ်တယ်"ဟု ဦးဇော်ဂျတ်က ဆန္ဒပြပွဲပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းပြသည်။

ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ပြီးသည့် နောက်တွင်လည်း မည်သည့်ထူးခြားမှုမျှ မရရှိပါက မိမိတို့ ကော်မတီအနေဖြင့် အစည်းအဝေး ပြန်လည်ပြုလုပ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ဘေးသင့်ပြည်သူများအား အရေးပေါ် ကယ်ဆယ်ကူညီရေးကော်မတီမှ ဒုတိယအတွင်းရေးမှူးဒေါ်နန်ပူက ပြောသည်။

"တိုင်းမှူးနဲ့တွေ့ဖို့ လုပ်တယ်။ လုံးဝအတွေ့မခံဘူး။ နည်းအမျိုးမျိုးနဲ့ ကြိုးစားတယ်။ မအားဘူးပဲ ပြောတယ်။ သုံးရက်တိတိ စောင့်တယ်။ နောက်ဆုံး အတွေ့မခံတဲ့အတွက် အခုလို ဆန္ဒထုတ်ဖော်ရတာဖြစ်တယ်။ ဆန္ဒထုတ်ဖော်ပေမယ့်လည်း ထူးခြားမှု ထပ်မရှိဘူးဆိုရင်တော့ တိုက်ပွဲဆက်ဝင်ရမှာပဲ"ဟု ဒေါ်နန်ပူကပြောသည်။




ဓါတ်ပုံ - Salai

တိုက်ပွဲများကြားတွင် ပိတ်မိနေပြီး စားနပ်ရိက္ခာများ ပြတ်တောက်၍ ဒုက္ခရောက်နေသည့် ထောင်ချီသော ပြည်သူများကို အစိုးရအနေဖြင့် အမြန်ဆုံး ကူညီပေးစေလိုကြောင်း ဦးဇော်ဂျတ်ကပြောသည်။

"အင်မတန်မှ အန္တရာယ်ကြီးတဲ့တိုက်ပွဲကြားမှာ ပိတ်ပိနေတဲ့အချိန် အစိုးရကို အသံထွက်စေချင်တယ်။ နည်းလမ်းရှာပြီးတော့ ကူညီဖို့၊ လမ်းကြောင်းတွေဖွင့်ပေးဖို့ ပြီးတော့ ပိတ်မိနေသူတွေ အမြန်ဆုံး ထွက်လာနိုင်အောင်လုပ်ဖို့ တိုက်တွန်းချင်တယ်"ဟု ဦးဇော်ဂျတ်က ဆက်လက်ပြောသည်။

ဆန္ဒပြပွဲပြုလုပ်နေချိန်တွင် ပါဝင်ဆန္ဒပြသူများ ဟစ်ကြွေးသောဆောင်ပုဒ်အချို့ကို ဆက်လက်ဟစ်ကြွေးခြင်းမပြုရန် ကချင်ပြည်နယ်ရဲမှူးကြီးက ဖုန်းဆက်၍ သတိပေးတားဆီးခဲ့ကြောင်း ဦးဇော်ဂျတ်ကပြောသည်။

"ပုံးကျဲခြင်းကို ချက်ချင်းရပ်၊ ပြည်သူတွေကို ပစ်မှတ်ထားပြီး လေယာဉ်နဲ့ပုံးကျဲတာ၊ ပြည်သူကို ဓားစာခံအဖြစ် လူသားဒိုင်းအဖြစ် အသုံးပြုတာကို ရှုတ်ချတယ်ဆိုတဲ့ဟာတွေလည်းမထည့်ခိုင်းဘူး။ အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်တယ်ဆိုတာတွေ ပိတ်ပင်မှုတွေရှိပါတယ်။ ၈ ကြိမ်လောက် ရှိမယ်။ တောက်လျှောက်ဖုန်းဆက်တယ်"ဟု ဒေါ်နန်ပူကရှင်းပြသည်။

ဦးဇော်ဂျတ်ကလည်း "ရဲစခန်းမှာတင်ထားတဲ့ စာသားတွေကိုတော့ ခွင့်ပြုတာပေါ့။ ပြည်သူတွေ ဒိုင်းလုပ်တာ၊ ပုံးကျဲတာ၊ ပုံးကျဲခြင်းကြောင့် အရပ်သားပြည်သူတွေ သေရတယ်ဆိုတာတွေကို မအော်ခိုင်းတာ"ဟု ပြောပြသည်။

ဆန္ဒထုတ်ဖော်သည့် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် စစ်ဘေးသင့်ပြည်သူများအား အရေးပေါ် ကယ်ဆယ်ကူညီရေးကော်မတီက ပိတ်မိနေသည့် ပြည်သူလူထုကို လိုအပ်သော ကူညီထောက်ပံ့မှုများ ပြုလုပ်ရာတွင် ဟန့်တားခြင်းမပြုရန်နှင့် သက်ဆိုင်ရာက လွတ်လပ်စွာကူညီပံ့ပိုးခွင့်ပြုရန် သဘောထားထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်။

ထို့အပြင် အဆိုပါကော်မတီက ဇန်နဝါရီလ ၃၀ ရက်တွင် ပိတ်မိနေသော စစ်ဘေးသင့်ပြည်သူများအား ကယ်ထုတ်နိုင်ရေးအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးထံ အကူအညီတောင်းခံစာ ပေးပို့ထားသည်ဟု သိရသည်။

တပ်မတော်နှင့် ကေအိုင်အေ တပ်ဖွဲ့အကြားဖြစ်ပွားနေသည့် တိုက်ပွဲကြောင့် ဒေသခံပြည်သူ ၃၅၀၀ ခန့်သည် တနိုင်းဒေသတွင် ပိတ်မိနေကြောင်း၊ ပိတ်မိနေသော ပြည်သူများအနက် အချို့မှာ ဇန်နဝါရီလ ၃၀ ရက်တွင် ပြန်လည်လွတ်မြောက်လာပြီး တနိုင်းမြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

Salai


AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

Vip 1+1+1 TABLET အထူးကားသစ်ကြီးများဖြင့်
နေ့စဉ် နံနက် ၁၁း၀၀နာရီ ပြေးဆွဲနေပါပြီ ...
✔ မြစ်ဖျားရောအဝေးပြေးယာဉ်ရပ်နားစခန်း
✔ အဝင်လမ်း၊ အခန်းနံပါတ် (၂၉) တွင်လာရောက်စီးနင်းနိုင်ပါသည်။

မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777, 09420225888, 09793211170, 09793211180

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
တရန်ဗိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းဗိုင်

**အယ်ဒီတာ**
ငြိမ်းပြည့်စုံ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းထွယ်ဇင်၊ ဆိုင်းလတ်အောင်ဆန်လတ်၊ ကျော်ကျော်ဦး(စစ)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊ အောင်ခမ်း(ပူတာအို)

**စာပြင်**
ဇော်နိုင်ဦး

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂျိမ်ဖော်ဒီဂိုင်း၊ သတင်းစာဒီဂိုင်း**
N-Hkai La Tawng၊ Shadau San Awng (L.B.Y)

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဗင်ဖြိုး ဂျာဇင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုံ

**တန်ဖိုး**
၅၀၀ ကျပ်

**စလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယည်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၀)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဗုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း- ၀၇၄ - ၂၅၂၀၀၅
၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးပေးသည်ဖြစ်စေ၊ တံဆိုးလက်ဆောင်ပေးသည်ဖြစ်စေ၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးကတ်ဆောင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# တိန်ကောက်ရွာသားများ နေအိမ်တွင် ဖုံးခိုကျင်းတူး၍ နေထိုင်နေရ



ဖေဖော်ဝါရီ ၁

ဟူးကောင်းချိုင့်ဝှမ်းရှိ တိန်ကောက်ကျေးရွာအတွင်းလက်နက်ကြီးများ ကျရောက် ပေါက်ကွဲလာခြင်းကြောင့် ဇန်နဝါရီ ၂၉ ရက်နေ့မှစ၍ ပုံးခိုကျင်းများ တူးကာ နေထိုင်ကြရကြောင်း ဒေသခံများက ပြောသည်။

"ရွာသားတွေက အရမ်းကြောက်ပြီး အိမ်တိုင်းလိုလို ပုံးခိုကျင်းတွေတူးပြီး နေကြတာ။ တချို့ စပါးကျီဆောက်ထားတဲ့အိမ်တွေဆို ဆာလာအိတ်ထဲ မြေကြီးတွေထည့်ပြီး အဲဒီအိတ်တွေကို စပါးကျီအောက်ထဲထည့်၊ ပြီးတော့ သစ်လုံးတွေနဲ့ ကာထားပြီး နေကြတယ်"ဟု တိန်ကောက်ရွာသားတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ပုံးခိုကျင်းများအား အနက် ၅ ပေခန့်အထိတူးကြပြီး ကျင်းအပေါ်တွင် ၂ပေခန့်ရှည်သော သစ်လုံးများကာရန်ကာ ထိုအပေါ်မှ မြေကြီးများဖြင့်ဖို့ထားကြကြောင်း သိရသည်။

ဇန်နဝါရီလ ၃၀ ရက် နံနက် ၇ နာရီခန့်တွင် တိန်ကောက်ကျေးရွာတွင် ရှိသည့် ခလရ ၈၆ တပ်စခန်းက ပစ်ခတ်ခဲ့သော လက်နက်ကြီးများသည် ကျေးရွာအနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ဒေသခံများက ပိုမိုစိုးရိမ်နေကြရသည်ဟု ၎င်းတို့၏ ပြောကြားချက်အရ သိရသည်။

"အဲဒီတပ်စခန်းက ပစ်တဲ့လက်နက်ကြီး ၇ ကြိမ်မှာ တချို့ဟာတွေက ရွာကနေ ၂ ဖာလုံလောက် အဝေးမှာကျပြီး ပေါက်ကွဲမှု ဖြစ်သွားတာ။ အဲဒီတော့ ဘယ်အချိန် ရွာထဲ ကျပြီး ပေါက်ကွဲမလဲလို့ ကြောက်နေရတယ်"ဟု တိန်ကောက်ရွာသားတစ်ဦးက ပြောသည်။

ထို့ပြင် ရွာအပြင်သို့ထွက်သည့် ရွာသားများအား တပ်မတော်၏ ရန်သူအဖြစ် သတ်မှတ်မည်ဟု ပြောကြားထားသောကြောင့် စားဝတ်နေရေးအတွက် ရွာပြင်သို့ထွက်ကာ အလုပ်မလုပ်ရဲဘဲ ဖြစ်နေရသည်ဟု ဒေသခံများကဆက်လက်ပြောသည်။

"အခုချိန်မှာ စားဝတ်နေရေးအတွက်လည်း အရမ်းခက်ခဲနေတယ်။ ထင်းခွေသွားတဲ့သူတွေ ဝက်စာသွားရှာတဲ့သူတွေ၊ မြင်းခွာရွက်ရှာတဲ့သူတွေ အားလုံးက လက်နက်ကြီးသံကြားတာနဲ့ ချက်ခြင်းပြန်ပြေးလာကြရတယ်။ ရွာပြင်တောင်ထွက်လို့ မရတော့ဘူး။ ရွာသားတွေကိုလည်း အပြင်ထွက်တဲ့သူကို ရန်သူလို့သတ်မှတ်မယ် ကြားတော့ အရမ်းကြောက်ရတယ်။ အမှုမဲ့အမှတ်နဲ့လည်း နေလို့မရဘူး"ဟု ဒေသခံများက ပြောသည်။

ဇန်နဝါရီလ ၃၀ ရက်နေ့က တိန်ကောက်ရွာ၏ အနောက်တောင်ဘက် ၆ မိုင်ခန့်အကွာတွင်ရှိသော မြန်မာ့ဆက်သွယ်ရေးလမ်းကြောင်းတွင် တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့အကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် တိန်ကောက်စခန်းက လက်နက်ကြီးများဖြင့် တိန်ကောက်ရွာအနီးသို့ပစ်ခတ်ခဲ့ကြောင်းသိရသည်။

လဖိုင်လု

---

# နမ်ရှိန်ရွာအနီး ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် ဘုရားကျောင်းများတွင် ဒေသခံများ သွားရောက်တိမ်းရှောင်နေရ





ဖေဖော်ဝါရီ ၂

ကေအိုင်အေတပ်ရင်း ၆ နယ်မြေတွင်ရှိသော နမ်ရှိန် (Nam Sheng) ကျေးရွာအနီးရှိ ကေဘီစီ ဆုတောင်းတောင်ကုန်းအောက်တွင် တပ်မတော်နှင့် ကေအိုင်အေတပ်ရင်း ၆ အကြား ပြင်းထန်တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ရဟတ်ယာဉ် ၂ စင်းဖြင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို နမ်ရှိန်ကျေးရွာသည် မြစ်ကြီးနား - ဖားကန့်သွားလမ်းတွင်ရှိပြီး အဆိုပါပြင်းထန်တိုက်ပွဲသည် ဖေဖော်ဝါရီလ ၁ ရက် နံနက် ၉ နာရီခန့်မှ စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မြန်မာ့တပ်မတော် တပ်မ ၀၁၀ လက်အောက်ရှိ ခမရ ၂၅၅ သည် တပ်ဖွဲ့အင်အား ၆၀ ခန့်နှင့်ကေအိုင်အေ တပ်ရင်း ၆ တို့သည် ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၉ နာရီမှ ညနေမိုးချုပ်သည်အထိ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည့်အတွက် တပ်မတော်က ရဟတ်ယာဉ် ၂ စင်းနှင့် ၆ ကြိမ်ခန့် ပတ်ကာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ် ၂ စင်း၏ပစ်ခတ်မှုကြောင့် နန်ရှိန် ဒေသခံတစ်ဦး၏ နေအိမ်အနောက်ဘက်ရှိ မီးဖိုချောင် ပျက်ဆီးခဲ့ကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

အထက်ပါ ဖြစ်ရပ်များကြောင့် တိုက်ပွဲဖြစ်ပွားရာနှင့် နီးသော ရွာမှ ဒေသခံ ၂၀၀ ကျော်သည် ၎င်းတို့ ကျေးရွာရှိ ဘုရားကျောင်းဝင်းသို့ သွားရောက်၍ စစ်ဘေးတိမ်းရှောင်နေကြရသည်ဟု သိရသည်။

"ကေဘီစီ ဘုရားကျောင်းဝင်းမှာ အခု လူဦးရေ ၁၀၀ လောက်တော့ရှိတယ်။ ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေ အဲဒီမှာ နေနေကြတယ်။ တချို့က မနက်ဆိုရင် သူတို့ အိမ်ပြန်ပြီး ထမင်းတွေချက်တယ်။ ပြီးရင် ဘုရားကျောင်းဝင်းထဲ ပြန်လာပြီး စားကြတယ်။ အခုက တိုက်ပွဲဖြစ်တဲ့နေရာနဲ့နီးတဲ့ ရွာစွန်ရွာဖျားက ရွာသားတွေ အဓိကလာပြီးခိုလှုံကြတာ။ ဒီ ကေဘီစီဘုရားကျောင်းဝင်းနဲ့ ရိုမန်ကတ်သလစ် ဘုရားကျောင်းဝင်းမှာလာပြီး ခိုလှုံကြတယ်"ဟု စစ်ဘေးတိမ်းရှောင်လာသည့် ရွာသားတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ နန်ရှိန်ဘုရားကျောင်းသို့ စစ်ဘေးတိမ်းရှောင်လာကြသူများအနက် အချို့သည် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ၎င်းတို့၏ နေအိမ်သို့ ပြန်သွားခဲ့ကြသော်လည်းတိုက်ပွဲနှင့်နီးသည့် ရွာများမှ ဒေသခံများကမူ လက်ရှိအချိန်ထိ ဘုရားကျောင်းဝင်းအတွင်း ခိုလှုံနေရဆဲဖြစ်ကြောင်း သိရသည်။

ထိုဖြစ်စဉ်များနှင့် ပတ်သက်၍ နမ်ရှိန်ကျေးရွာရှိ အလယ်တန်းကျောင်းခွဲမှ ကျောင်းသူကျောင်းသားများ၏ လုံခြုံရေးအတွက် ကျောင်းများ ပိတ်ထားရသည်ဟု သိရသည်။

နမ်ရှိန် (Nam Sheng) ကျေးရွာသည် အိမ်ခြေ ၄၀၀ ခန့်နှင့် လူဦးရေ ၁၀၀၀ ကျော်ရှိသည့် ရွာ ဖြစ်သည်။

လဖိုင်လု

ရှင်များသည် စာမတတ်၊ ပေမတတ်၊ ဉာဏ်အမြော်အမြင်မရှိသည့်လူမိုက်များသာ ဖြစ်ကြသည်။ သို့သော်ယနေ့ခေတ်စစ်ခေါင်းဆောင်များသည် စာတတ်၊ ပညာတတ်များ၊ ဉာဏ်အမြော်အမြင်ရှိသူများ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူများ အမျိုးသားတန်းတူရေး စိတ်ဓာတ်ရှိသူများ ဖြစ်ကြသည့်အတွက် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ သဘောတူချုပ်ဆိုထားသည့် ၁၉၄၇ ခု ပင်လုံစာချုပ်တွင်ပါရှိသော အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ဝမ်းမြောက်ဝမ်းသာ သဘောတူထောက်ခံမည်ဟု ယုံကြည်ပါသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကတိကဝတ်ပြုထားသည့် "ဗမာတစ်ကျပ်၊ ကချင်တစ်ကျပ်"ဆိုသည့် အမျိုးသားတန်းတူရေးကို အားလုံးသဘောတူအကောင်အထည်ဖော်ရန် အရေးကြီးလိုအပ်ပါသည်။ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တိုင်းရင်းသားတိုင်း ရယူရန် လိုအပ်ပါသည်။ တိုင်းရင်းသားတစ်မျိုး ဖြစ်သည့် ဗမာလူမျိုးများအနေဖြင့် ပြည်နယ်တစ်ခုယူရန် လိုအပ်ပါသည်။ လက်ရှိ အုပ်ချုပ်မှုစနစ်မှာ ဗမာလူမျိုးကြီးအုပ်ချုပ်မှုစနစ် ဖြစ်နေရာ တိုင်းရင်းသားများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသားတန်းတူအခွင့်အရေး (ဗမာတစ်ကျပ်၊ ကချင်တစ်ကျပ် - ဗိုလ်ချုပ်အောင်ဆန်း၏ နှုတ်ကတိ)ရမှသာ ပြည်ထောင်စုမြန်မာနိုင်ငံကြီး တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။

၁၉၄၇ ခု ပင်လုံစာချုပ်ကို အကောင်အထည်ဖော်ရမည့် အစား အခြေမခံခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးပစ်ခြင်း၊ ဗမာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဆိုပါက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးမှာ ဝေးသထက်ဝေးသွားပါလိမ့်မည်။ မြန်မာပြည်ကို ငြိမ်းချမ်းသာယာဝပြောအောင် မလုပ်ဆောင်နိုင်သူများသည် သမိုင်းတရားခံများ ဖြစ်သွားမည်ဖြစ်သည်။ သာယာဝပြောသော ပြည်ထောင်စုမြန်မာနိုင်ငံကို ဗမာလူမျိုးခေါင်းဆောင်များ မဆောင်ရွက်နိုင်ပါက "တောင်ပေါ်ကကချင်ကလေး" ကိုတာဝန်ပေးလိုက်ပါ။ အလွန်ငြိမ်းချမ်းသာယာဝပြော တိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုထူထောင်ပြပါမည်ဖြစ်ကြောင်း ဗမာခေါင်းဆောင်ကြီးများကို စိန်ခေါ်လိုက်ပါသည်။

■

# ဗန်းမော်စစ်ရှောင်များအတွက် ထောက်ပံ့မှုများ အရေးတကြီးလိုအပ်



ဖေဖော်ဝါရီ ၂

ဗန်းမော်မြို့နယ်၊ ဖန်ခါးကုန်း နှစ်ခြင်းသာသနာဝင်းတွင်ဖွင့်လှစ်ထားသည့် စစ်ရှောင်သက်ကြီးရွယ်အိုများအတွက်ဖြည့်စွက်အစာအာဟာရများ၊ အားဆေးများနှင့် ကျောင်းနေအရွယ်ကလေးများ စာကြည့်ရန် ဆိုလာမီးများ အရေးတကြီး လိုအပ်နေသည်ဟု သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဖန်ခါးကုန်း စစ်ရှောင်စခန်းရှိ သက်ကြီးရွယ်အိုများအတွက် လိုအပ်သည့် ဆေးဝါးများအလုံအလောက် မရှိခြင်းကြောင့် သက်ကြီးရွယ်အိုများ နာမကျန်းမှုများ ဖြစ်ပေါ်လျှင် အခက်တွေ့ရကြောင်း ထိုစစ်ရှောင်စခန်းမှ ပြည်သူများ၏ ပြောကြားချက်အရသိရသည်။

"စခန်းအတွက် NGO တွေက ထောက်ပံ့ပေးတဲ့ငွေတော့ ရှိပါတယ်။ ဒါပေမယ့် သူတို့ထောက်ပံ့တဲ့ ငွေအနည်းငယ်နဲ့က စားဖို့သောက်ဖို့တောင် အနိုင်နိုင်လေ။ အဲဒါကြောင့် သက်ကြီးရွယ်အိုတွေအတွက် ဖြည့်စွက်အစာအာဟာရတွေ၊ ဆေးတွေ မဝယ်ပေးနိုင်ဘူး။ အဲဒီဖြည့်စွက်အစာအာဟာရတွေ၊ ဆေးတွေမရှိတော့ အဘိုးကြီး၊ အဘွားကြီးတွေ တော်တော်ကို အခက်တွေ့နေတယ်။ စခန်းမှာ သက်ကြီးရွယ်အိုတွေအတွက် အားဆေးလိုအပ်နေတယ်"ဟု စခန်းတာဝန်ခံ ဦးဇော်ဆိုင်းက ပြောသည်။

ထို့ကဲ့သို့ပင် လျှပ်စစ်မီးအလုံအလောက် မရရှိမှုကြောင့် ကျောင်းသား/သူများ စာကျက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေရကြောင်း စခန်းတာဝန်ခံဦးဇော်ဆိုင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"စခန်းမှာက လျှပ်စစ်မီးတော့ရှိတယ်။ ဒါပေမယ့်ဝင်ငွေမရှိတော့ အခန်းထဲကို မီးမသွယ်နိုင်ဘူး။ ဒါကြောင့် ကလေးတွေ စာကျက်ဖို့ အဆင်မပြေဘူး၊ ဆိုလာမီးရရင်တော့ စခန်းနေလူတွေ အားလုံးအတွက် အကုန်အကျနည်းနည်းနဲ့ အဆင်ပြေမယ်။ အဓိက ကတော့ ကလေးတွေစာကျက်ရင် အဆင်ပြေဖို့ပါ"ဟု ဦးဇော်ဆိုင်းက ဆက်လက်ပြောသည်။

ဖန်ခါးစစ်ရှောင်စခန်းတွင် မုန်ဒိန်ပါ၊ ဂါးရာယန်၊ နမ်လင်းပါ၊ မခေါ်ယန်၊ ဘွမ်ကထောင်၊ တနိုင်း၊ တိန်းစင့်၊ နမ့်သဲ၊ နမ့်အူဂျီး စသည့် လိုင်ဇာအနီးပတ်ဝန်းကျင်ရှိဒေသများမှ ပြည်သူများနေထိုင်ကြောင်း သိရသည်။

ထိုစစ်ရှောင်စခန်းကို World Food နှင့် SOLIDARITES International စသည့် NGO အဖွဲ့အစည်းများက ထောက်ပံ့မှုများ ပြုလုပ်ပေးနေကြောင်း၊ ထိုစခန်းတွင် အိမ်ထောင်စု ၁၄၉ စု နှင့် လူဦးရေ ၇၅၈ ဦးရှိကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

# နန့်မွန်းကျေးရွာရှိ စစ်ရှောင်စခန်းသို့ ထောက်ပံ့မည့် အလှူရှင်များ ရှားပါးလာသဖြင့် စားဝတ်နေရေးခက်ခဲနေ

ဖေဖော်ဝါရီ ၂

မိုးညှင်းမြို့နယ်၊ နန့်မွန်း ကျေးရွာရှိ နှစ်ခြင်းဘုရား ကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသော စစ်ရှောင်စခန်းအတွက် ထောက်ပံ့မည့်အလှူရှင်များ ရှားပါးလာသဖြင့် ထိုစခန်းမှ စစ်ရှောင်များ စားဝတ်နေရေး ခက်ခဲနေကြောင်း ၎င်းတို့၏ ပြောကြားချက်အရ သိရသည်။

ယခင်က အဆိုပါစစ်ရှောင်စခန်းအတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က အထောက်အပံ့များပေးသော်လည်း လက်ရှိအချိန်တွင် ထိုအထောက်အပံ့များ လျော့နည်းလာသည့်အပြင် အခြားထောက်ပံ့မည့် အလှူရှင်များ မရှိသောကြောင့် စားဝတ်နေရေး ခက်ခဲနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့နေတဲ့ စစ်ရှောင်စခန်းက လူသိပ်မသိနိုင်တဲ့ နေရာလည်းဖြစ်တော့ ကူညီပေးမယ့် အဖွဲ့အစည်းတွေ၊ အလှူရှင်တွေအများစုက တော်ရုံနဲ့ မရောက်နိုင်ဘူးလေ။ ဒီလို အများသိရှိနိုင်တဲ့ နေရာလည်း မဟုတ်တော့ အစိုးရအနေနဲ့လည်း နှစ်ကြိမ်လောက်ပဲလာရောက် ထောက်ပံ့နိုင်တယ်။ ဒီမှာနေတဲ့သူတွေကလည်း ရရာ ကျပမ်းအလုပ်တွေလုပ်ပြီး ရုန်းကန်နေကြရပေမယ့် ကျောင်းတက်နေတဲ့ကလေးတွေအတွက် အခက်အခဲဖြစ်နေတယ်"ဟု ထိုစခန်းမှာ စစ်ရှောင်ပြည်သူတစ်ဦး ဖြစ်သော ဒေါ်ဆန်ပိန်က ပြောသည်။

နန့်မွန်းကျေးရွာတွင် ဖွင့်လှစ်ထားသော စစ်ရှောင်စခန်း၌ ညောင်ပင်ကျေးရွာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှလာ၍ စစ်ဘေးတိမ်းရှောင်ကြသော ပြည်သူများ နေထိုင်ကြသည်ဟု သိရသည်။

ထိုစစ်ရှောင်ပြည်သူများသည် တပ်မတော်နှင့် KIA တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် လက်ရှိအချိန်ထိ ၎င်းတို့ နေရပ်ဒေသသို့ ပြန်လည်သွားရောက်နေထိုင်နိုင်ခြင်း မရှိသေးကြောင်း ၎င်းတို့၏ ပြောကြားချက်များအရ သိရသည်။

"ကျွန်တော်တို့ရွာမှာ KIA နဲ့တပ်မတော်က စစ်ပွဲတွေဖြစ်နေတော့ နေထိုင်ရတာ မလုံခြုံတော့လို့ ဒီကိုလာပြီး စစ်ရှောင်နေထိုင်နေကြရတာ။ ဒီမှာနေတော့ အရင်လို တောင်ယာအလုပ်မဟုတ်ဘဲ ရရာအလုပ်ဖြစ်တဲ့မြက်ထိုး၊ ပေါင်းရှင်း၊ ပန်းရန်စတဲ့အလုပ်တွေ လုပ်နေကြရတယ်။ ဒါပေမယ့်လည်း လုပ်ငန်းအခက်အခဲတွေ ရှိလာကြတော့ လောလောဆယ် စားသောက်ဖို့ရိက္ခာ မပြည့်စုံနိုင်တော့ဘူး။ အဆိုးဆုံးက ကျောင်းသားတွေအတွက် အခက်ခဲဆုံး ဖြစ်နေပါတယ်"ဟု ခါလားရန်ကျေးရွာမှ စစ်ရှောင်လာသည့် ဦးတန်ငွမ်းကပြောသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် ကျောင်းသူ/ကျောင်းသားပေါင်း ၄၆ ဦး ရှိကြောင်း၊ ပြည်ပအဖွဲ့အစည်းများ၏ အထောက်အပံ့များကိုလည်း ၃ နှစ်တာအတွင်းသာ အပြည့်အဝရယူခွင့်ရှိကြောင်းသိရသည်။

ထိုစစ်ရှောင်စခန်းသည် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသတွင်တည်ရှိပြီး အဆိုပါစစ်ရှောင်စခန်းတွင် လာရောက်စစ်ဘေးတိမ်းရှောင်နေသော ပြည်သူ ၁၀၅ ဦး ရှိကြောင်း၊ ထိုစခန်းကို ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"အရင်က အစိုးရအဖွဲ့တွေလာထောက်ပံ့ပေမယ့် အခုတော့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ထောက်ပံ့တာပဲ ရှိတော့တယ်။ အဲဒီအဖွဲ့က တစ်ဦးကို ၁ လအတွက် ငွေ ၁ သောင်း ၁ ထောင် ထောက်ပံ့နေတယ်။ အခု ထောက်ပံ့ကြေး ရနေတယ်ဆိုပေမယ့် နောက်ဆို မရနိုင်တော့ဘူး။ နောက်ပြီး နေအိမ်အဆောက်အဦ ပြင်ဆင်ဖို့၊ ကလေးတွေရဲ့ ပညာရေးထောက်ပံ့ဖို့၊ မိသားစုစားသောက်ဖို့က အစ တဖြည်းဖြည်းနဲ့ အခက်အခဲ ရှိလာတယ်"ဟု စစ်ရှောင်စခန်းတာဝန်ခံ ဦးနော်တောင်က ပြောသည်။

အဆိုပါ စစ်ရှောင်စခန်းသို့ ၂၀၁၇ ခုနှစ်အတွင်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက စာရေးကိရိယာများ၊ ဝန်ကြီးချုပ်ဒေါက်တာခက်အောင်နှင့် ကချင်ပြည်နယ်အစိုးရက ဆန်၊ ဆီ၊ ဆားနှင့် မီးဖိုချောင်အသုံးပစ္စည်းများ၊ ဦးခက်ထိန်နန် ဦးဆောင်သော ကချင်ပြည်နယ်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများကို သွားရောက်ထောက်ပံ့ခဲ့ကြောင်းသိရသည်။

ထွန်းထွန်း(မိုးညှင်း)



# ပန်းမော် ဘဏ်များကို လုံခြုံရေးတိုးမြှင့်ရန် ခရိုင်ရဲတပ်ဖွဲ့ မှာကြား



ဇန်နဝါရီ ၂၈

မြစ်ကြီးနား မြို့မဈေး ဝ ရှိ ကမ္ဘောဇမီနီဘဏ်တွင် ဖြစ်ပွားသွားခဲ့သည့် ဓါးပြတိုက်မှုကြောင့် ပန်းမော်မြို့ရှိကမ္ဘောဇဘဏ်များကို လုံခြုံရေးတိုးမြှင့်သွားရန် စီစဉ်နေသည်ဟု ပန်းမော်မြို့မရဲစခန်းမှ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသိန်းက ပြောသည်။

"ဘဏ်တွေက လုံခြုံရေးဝန်ထမ်းတွေ ခေါ်ယူတယ်ဆိုရင် ကျွန်တော်တို့ကို သေချာစိစစ်ပြီး ရွေးချယ်ပေးသွားဖို့ အကူအညီ တောင်းလာလို့ရှိရင် ကူညီပေးဖို့ အဆင်သင့်ပါပဲ။ ရဲစခန်းက ဖုန်းနံပါတ်တွေကို ဘဏ်ဝန်ထမ်းတိုင်း သိထားဖို့လိုမယ်။ လျှို့ဝှက်လုံခြုံရေးကိရိယာတွေ တပ်ဆင်ထားရင်တော့ပိုကောင်းတာပေါ့။ ဘဏ်လုံခြုံရေးတွေကိုလည်း ၂၄ နာရီအပြည့် တာဝန်ထမ်းဆောင်စေချင်တယ်။ ကျွန်တော်တို့ဘက်ကလည်း လုံခြုံရေးကိုတင်းကြပ်ပေးသွားပါ့မယ်"ဟု ရဲမှူးစိုးသိန်းက ပြောသည်။

ရဲမှူးစိုးသိန်းသည် အထက်ပါအကြောင်းအရာများကို ဇန်နဝါရီလ ၂၈ ရက်က ပန်းမော်မြို့မရဲစခန်းတွင် ပြုလုပ်သည့် ပန်းမော်မြို့ရှိ ဘဏ်များ၏လုံခြုံရေး အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဇန်နဝါရီလ ၂၄ ရက်ညနေပိုင်းတွင်မြစ်ကြီးနားမြို့ရှိ ကမ္ဘောဇဘဏ်၌ဖြစ်ပွားသွားခဲ့သည့် ဘဏ်ဓားပြမှုသည် ကြိုတင်အကွက်ချကြံစည်မှုဖြစ်သည်ဟု ၎င်းကသုံးသပ်ပြောကြားသည်။

"ဒီအမှုကတော့ အကွက်ကျကျကြိုတင်ကြံစည်ပြီး လုပ်တယ်လို့ပဲ သုံးသပ်မိတယ်။ ဖြစ်တဲ့အချိန်ကလည်း လူရှင်းပြီး ငွေသိမ်းချိန်မှာ ဖြစ်တာဆိုတော့ဘဏ်အကြောင်းကောင်းကောင်း လေ့လာထားတဲ့၊ အတွေ့အကြုံတော်တော်ရင့်တဲ့သူတွေ ဖြစ်မယ်လို့ သုံးသပ်မိပါတယ်"ဟု ရဲမှူးစိုးသိန်းက ဆိုသည်။

ပန်းမော် မြို့မရဲစခန်းတွင် ပြုလုပ်သည့် ပန်းမော်မြို့ရှိ ဘဏ်များ၏လုံခြုံရေး အစည်းအဝေးသို့ ထိုမြို့တွင် ဖွင့်လှစ်ထားသည့် ကမ္ဘောဇဘဏ် ၁၊ ၂၊ CB ဘဏ်၊ AGD ဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ် စသည့်ဘဏ်များရှိ တာဝန်ရှိသူများနှင့် လုံခြုံရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဆိုင်းထွယ်ဇင်

## သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးများ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစံမှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါး ခုနစ်မျိုးသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | အမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိပါ | ခန်းတောက်မြစ် | အမြစ်/ ဆေးထုပ် | ပူတာအို တိုင်းရင်းဆေး၊ ရိုးရာပစ္စည်းနှင့် အထည်ဆိုင် မြို့သစ်(၈၅)၊ မြစ်ကြီးနားမြို့။ |
| ၂ | Gasspro | အကိုက်အခဲပျောက်ဆေးမှုန့် | ဆေးမှုန့်/ ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃ | ကုလားအုပ် | သန်ချဆေး | ဆေးမှုန့်/ ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄ | အမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိပါ | ပန်းခါးပွားရည်ဆေးလုံး | ဆေးလုံး/ ဆေးဘူး | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅ | Myanmar | မဟူရာပဲနက်စေ့ (ခ) ခွေးလေးယားစေ့ | အစေ့/ ဆေးဘူး | အမှတ်(၁၃၁/က) ကုန်သည်လမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့။ |
| ၆ | Win | ပုံတောင်ဆေးမြစ်စုံ လိမ်းဆေး | ဆေးရည်/ ဆေးဘူး | Win Products Group, Mandalay |
| ၇ | Win | ခွေးလေးယားသီးနက်စေ့ | အစေ့/ ဆေးဘူး | Win Products Group, Mandalay |

မြစ်ဆုံစောင့်ကြည့်
MYITSONE WATCH

# ယခင်လကပြုလုပ်သည့် မြစ်ဆုံဒေသခံများ ခွန်အားယူဆုတောင်းပွဲနှင့် ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက အကြောင်းကြားစာပေးပို့

ဖေဖော်ဝါရီ ၅

အောင်မြင်သာစံပြကျေးရွာ ကက်သလစ်ဘုရားကျောင်းဝင်းအတွင်း ပြုလုပ်ခဲ့သော မြစ်ဆုံဒေသခံများ ခွန်အားယူ ဆုတောင်းပွဲနှင့် ပတ်သက်၍ ဦးဆောင်ပြုလုပ်သူများကို မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူးက သတိပေးအကြောင်းကြားစာ ပေးပို့ခဲ့သည်ဟု သိရသည်။

အဆိုပါမြစ်ဆုံဒေသခံများ၏ခွန်အားယူ ဆုတောင်းပွဲကို ကချင်လူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့ကဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူးပေးပို့ခဲ့သည့် အကြောင်းကြားစာထဲတွင် ဧရာဝတီ မြစ်ဆုံစီမံကိန်းကြောင့် မြစ်ဆုံဒေသခံများ မူလရွာတွင် ပြန်လည်နေထိုင်ရေး ဆွေးနွေးပွဲပြုလုပ်မှု အခြေအနေနှင့် ပတ်သက်၍ တင်ပြမှုမရှိသည်ကို စိစစ်တွေ့ရှိရသည့်အတွက် နောင်တွင် မိမိမြို့နယ်အတွင်း ခွင့်ပြုတင်ပြရယူခြင်းမရှိသော စုဝေးဆွေးနွေးပွဲ ကျင်းပပြုလုပ်သည့် ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ အထူးအလေးထား တင်ပြပေးသွားရန်နှင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ အခြေအနေအရပ်ရပ်အား အမြန်စိစစ်တင်ပြသွားရန်ဟု ပါရှိသည်။

"အဲဒီလို အကြောင်းကြားစာပို့လို့ ဆုတောင်းပွဲကို တက်ရောက်လာကြတဲ့ ရွှေ့ပြောင်းဒေသခံများ ကြုံတွေ့နေရတဲ့ စားဝတ်နေရေးခက်ခဲခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းများကို ဘုန်းတော်ကြီးများက ခွန်အားပေးဆုတောင်းခြင်း အစီအစဉ်သာဖြစ်တယ်လို့ ပြန်လည်တင်ပြခဲ့ရတယ်"ဟု ကချင်လူထုအခြေပြုဖွံ့ဖြိုးရေးမှ ခေါ်ဂျာဒေါ်နိကာ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဆုတောင်းပွဲ ပြုလုပ်ကျင်းပပြီး နောက်နေ့တွင် ထိုပွဲနှင့်ပတ်သက်၍ အကြောင်းကြားစာတင်ပြထားခြင်း မရှိသောကြောင့် ပွဲစီစဉ်သူ ကချင်လူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့ (MRJ) မှ တာဝန်ရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူးက ခေါ်ယူတွေ့ဆုံမေးမြန်းပြီး ထိုကိစ္စနှင့်ပတ်သက်သည့် အခြေအနေများကိုစိစစ်ကာ ပြန်လည်တင်ပြရန် လုပ်ဆောင်ခိုင်းထားသည်ဟု ခေါ်လုရာက ရှင်းပြသည်။

"ကျွန်မတို့က ထူးထူးခြားခြားနဲ့ လမ်းပေါ်တက်ပြီး ဆန္ဒပြတာလည်း မဟုတ်ဘူး။ ရွှေ့ထွက်ပြီး အော်နေကြတာလည်းမဟုတ်ဘူး။ ဘုရားကျောင်းဝင်းထဲမှာပဲ အေးအေးဆေးဆေး ဆုတောင်းပွဲလုပ်ကြတာကို အခုလိုတွေ လုပ်ခိုင်းတာ"ဟု ခေါ်လုရာက ဆက်လက်ပြောသည်။

အဆိုပါ ခွန်အားယူဟောပြောပွဲကို အောင်မြင်သာစံပြကျေးရွာတွင် ပထမဦးဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ထိုဟောပြောပွဲသို့ အောင်မြင်သာကျေးရွာအပြင် တန်ဖရဲကျေးရွာ၊ လဖေ့ကျေးရွာ၊ မလိခွပ်ကျေးရွာမှ ဒေသခံ ၁၄၇ ဦး တက်ရောက်ခဲ့ကြသည်။

ဆန်လတ်

# တနိုင်းမော်တွင် ပိတ်မိနေသော မော်လုပ်သားများ တနိုင်းမြို့ပေါ်သို့ ပြန်လည်ရောက်လာသော်လည်း သုံးဘီးနှင့်ကားများ ကျန်နေသေး

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၆

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲများကြောင့် တနိုင်းမြို့နယ် စမတ်ချောင်းဒေသတွင် ပိတ်မိနေသော ပြည်သူ ၃၀၀၀ ကျော်အနက်မှ အများစုသည် တနိုင်းမြို့ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကာ ထိုနေရာတွင် သုံးဘီးများနှင့် ထော်လာဂျီ/ကားများသာ ကျန်ရှိတော့ကြောင်း ထိုဒေသမှ ပြန်လာသူ တနိုင်းဒေသခံကို မောင်ရှမ်းထံမှ သတင်းရရှိသည်။

တပ်မတော်က လူလွတ်ဒေသခံများကို အသုတ်လိုက် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးနောက် နောက်ဆုံးကျန်နေခဲ့သော ဆိုင်ကယ်များ၊ သုံးဘီးများနှင့် ကားထော်လာဂျီများကို အလှည့်ကျပြန်လွှတ်ပေးနေသည်ဟုလည်း သိရသည်။

"ဆိုင်ကယ်တွေ ပြန်လွှတ်နေတာ နှစ်ရက်လောက်ရှိပြီပျ။ အခုဟိုမှာ သုံးဘီးတွေ၊ ကားတွေပဲ ကျန်တော့တာ။ ထမင်းကတော့ တနိုင်းဒေသခံတွေရဲ့စေတနာနဲ့တစ်နပ်ကိုထမင်းထုပ် သုံးလေးရာလောက် နေ့တိုင်းပို့ပေးနေပါတယ်။ တနိုင်းမြို့ပေါ်ကို ရောက်လာရင်လည်း တည်းခိုဆောင်တွေမှာ တနိုင်းမြို့ခံတွေကပဲ ထမင်းထုပ်တွေ ဝေပေးနေပါတယ်" ဟု ကိုမောင်ရှမ်းက ဆက်လက်ရှင်းပြသည်။

ပထမရက်များက လူလွတ်များကို ပြန်လွှတ်ရာတွင် ငါးယောက်တစ်သုတ်စီ ကြိုးတန်းအတွင်း ဝင်ရောက်စေပြီး တပ်မတော်သားများက ဖော့/ရာဘာစွပ်ထားသော တုတ်ဖြင့် ဦးခေါင်းများကို တို့ထိရွေးချယ်ကာ ပြန်လွှတ်ပေးခဲ့သည်ဟု မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာမှ ဆီးဖြူကုန်းပယင်းမော်သို့ အလုပ်သွားရောက်လုပ်ကိုင်သူ ကိုအောင်နေလင်းက ပြောသည်။

"သက်ကြီးရွယ်အိုတွေကို အရင် ပြန်လွှတ်ပေးတယ်။ နောက်မှကျန်တဲ့လူတွေ ပြန်ဖို့ တန်းစီပြီးစောင့်ရတယ်။ ကျွန်တော်ကတော့ ငါးရက်နဲ့ငါးည စောင့်ခဲ့ရပါတယ်။ မတိုးနိုင်တဲ့လူတွေက နောက်ကျန်ခဲ့တာပဲ။ အခုတော့ ကုန်သလောက်ရှိနေပါပြီ"ဟု ကိုအောင်နေလင်းက ပြောသည်။

ထိုစမတ်ရွာတွင် ပယင်းမော်လုပ်သားများမှာ ပိတ်မိနေခဲ့သည်ဆိုသော ဆီးဖြူကုန်း၊ အောင်ဘာနှင့်ညောင်ပင်ကုန်း မော်များမှ လုပ်သားများ နေထိုင်ခဲ့ကြပြီးမှ တနိုင်းမှထိုနေရာသို့ စက်လှေဖြင့်သွားလျှင် အဆန်ခရီးတွင် တစ်နာရီကျော်ခန့် ကြာမြင့်ကြောင်း သိရသည်။

စမတ်ချောင်းဒေသမှ ပိတ်မိသူများ ပြန်လည်ရောက်ရှိလာသော်လည်း ကေအိုင်အေ တပ်ရင်း ၁၄ နယ်မြေဖြစ်သော နန့်ခန့်ရွာဘက်တွင် ပိတ်မိနေသူများမှာ ယနေ့ထက်တိုင်ပြန်လာနိုင်ခြင်း မရှိသေးကြောင်း ဒေသခံများထံမှ သိရသည်။

ဇော်နိုင်ဦး



ယူဆောင်ခဲ့ကြသည်။ မြစ်ကြီးနားသို့ ပြန်ရောက်သောအခါ ဒုတိယညတရားပွဲ ပြန်စကြသည်။ ပရိသတ်မှာ ထီး၊ ခမောက်များဆောင်းကာ လာရောက်ခဲ့ကြသည်။ ပထမညက ဟောကြား၍ မဆုံးသေးသောတရားကို ဆရာတော်များက အဆုံးသတ် ဟောပြောကြသည်။ နောက်တစ်နေ့တွင် မြစ်ကြီးနားမှ မမြို့တီးသို့ လေယာဉ်ဖြင့် ဆက်လက်ခရီးဆက်ခဲ့ကြလေသည်။ "ထွက်ခွာခဲ့ရသော မြစ်ကြီးနားမြို့ကို လေယာဉ်ပေါ်ကပြန်၍ ကြည့်မိပါသေးသည်။ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့၏" ဟုဆရာတော်အရှင်ကုန္ဒကက မှတ်တမ်းတင်ခဲ့လေသည်။

ရည်ညွှန်း- အညာတခွင် တရားဟောထွက်ခဲ့စဉ်က (ညောင်ကန်အရှင် အရှင်ကုန္ဒက)

■

University 2018

Naushawng Development Institute (NDI) naushawng.info@gmail.com တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# တောင်းရမ်းစားသောက်သူများကို အသက်မွေးပညာများ သင်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဥပဒေနှင့်အညီ အရေးယူခြင်းများ လုပ်ဆောင်နေ

ဖေဖော်ဝါရီ ၅

လူစည်ကားရာ နေရာများတွင် တောင်းရမ်းစားသောက်ကြသူများကို လူမှုဝန်ထမ်းဦးစီးဌာနက စနစ်တကျအသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားပေးခြင်း၊ အသိပညာပေးခြင်းများအပြင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများလုပ်ဆောင်နေကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြောသည်။

"ကလေးတွေ လမ်းပေါ်မှာ တောင်းစားမှု လျော့နည်းလာစေဖို့ မိဘအုပ်ထိန်းသူများကို အသိပညာပေးခြင်းများ ဆောင်ရွက်ပေးတယ်။ ဒါကိုမှ ဆက်ပြီးတောင်းစားနေသေးတယ်ဆိုရင် မိဘတွေကို ကလေးသူငယ် ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်သွားမယ်"ဟု လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြောသည်။

ဒေါက်တာ သင်းလွင်သည် ဖေဖော်ဝါရီလ ၅ ရက်တွင် ပြုလုပ်သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ဖားကန့်မြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလဆိုင်းမေးမြန်းခဲ့သည့် မေးခွန်းနှင့်ပတ်သက်၍ အထက်ပါအတိုင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် တောင်းရမ်းစားသောက်နေသည့် ကလေးများ၏ပညာရေးအတွက်ပညာရေးဌာနများနှင့် ချိတ်ဆက်၍ ကျောင်းပြင်ပ ပညာရေးနှင့် သင်ကြားပါဝင်ဆောင်ရွက်နိုင်ရေးများကို လုပ်ဆောင်ပေးသည့်အပြင် လတ်တလောကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ကလေးများဖြစ်ပါက ကချင်ပြည်နယ်အတွင်းရှိ သင့်လျော်သော နီးစပ်ရာ လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြု ထောက်ပံ့ပေးနေသည့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့ပို့ဆောင်ကာစောင့်ရှောက်မှုများ ပေးနေကြောင်း သိရသည်။

"အဲဒီလို လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကို ပို့တာကိုတော့ နောက်ဆုံးအဆင့်လို့ သတ်မှတ်ထားတယ်။ မဟုတ်ရင် ကလေးတွေရဲ့ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်းကို ထိခိုက်စေနိုင်လို့ပါ။ ဒါတွေကို ပြည်သူတွေ ကျယ်ပြန့်စွာသိနိုင်စေဖို့ လူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး အသိပညာပေးခြင်း၊ တောင်းရမ်းစားသူ ကလေးသူငယ်များကို ရန်ပုံငွေရှာဖွေရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနေပါတယ်" ဟု ဒေါက်တာသင်းလွင်က ဆက်လက်ပြောသည်။

ဦးလဆိုင်းသည် ဖားကန့်မြို့ရှိ လူစည်ကားရာနေရာများတွင် တောင်းရမ်းစားသောက်နေကြသူများကို စနစ်တကျအသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းမျိုးလုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ မေးခွန်းမေးခဲ့ခြင်း ဖြစ်သည်။

"ဖားကန့်မြို့က ဒေသခံတွေက တောင်းရမ်းစားသောက်နေသူတွေကြောင့် စိတ်ကသိကအောက် ဖြစ်နေရတယ်။ ဒါနဲ့ ပတ်သက်ပြီး လွှတ်တော်က ဘယ်လိုဆောင်ရွက်ပေးတာမျိုးရှိမလဲလို့ ပြည်သူတွေက မေးမြန်းခိုင်းထားပါတယ်"ဟု ဖားကန့်မြို့နယ်ရှိ အမှတ် ၂မဲဆန္ဒနယ်မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလဆိုင်းက လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။

ဒေါက်တာသင်းလွင် ဖြေကြားခဲ့သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လက်ရှိအချိန်တွင် ဖားကန့်မြို့နယ်ရှိ တောင်းရမ်းစားသောက်သူ ကလေးသူငယ်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ၊ ဖားကန့်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖားကန့်မြို့နယ် စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ဆန်လတ်

# ရန်ပုံငွေရရှိပါက နောင်မွန်လေယာဉ်ကွင်းကို ဆက်လက်တည်ဆောက်သွားမည်

ဖေဖော်ဝါရီ ၅

နိုင်ငံတော် ဘတ်ဂျက်ထဲတွင် တည်ဆောက်မှု ရပ်ဆိုင်းထားသည့် နောင်မွန်မြို့နယ်မှ လေယာဉ်ကွင်းအတွက် ရန်ပုံငွေပါရှိမည်ဆိုပါက ဆက်လက်တည်ဆောက်သွားမည်ဟု လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဦးဝင်းညွှန့်က ပြောသည်။

"နောင်မွန်လေယာဉ်ကွင်းမှာ လေယာဉ်ပြေးလမ်းအတွက် ငွေကျပ် သန်းပေါင်း ၁၆၀၀ ထည့်သွင်းတင်ပြခဲ့ပေမယ့်ရန်ပုံငွေ ခွဲဝေချထားရာမှာ ဖြတ်တောက်ခံထားရလို့ လုပ်ငန်းကို ရပ်ဆိုင်းထားရပါတယ်။ တကယ်လို့သာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်ကနေ ၂၀၂၀ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ဘတ်ဂျက်ထဲမှာရန်ပုံငွေ ပြန်ပြီးရရှိမယ်ဆိုရင် ဆက်ပြီးဆောက်သွားမှာပါ"ဟု ဝန်ကြီးဦးဝင်းညွှန့်က ပြောသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်သည် အထက်ပါအကြောင်းအရာများကို ဖေဖော်ဝါရီလ ၅ ရက်တွင် ပြုလုပ်သည့် ဒုတိယအကြိမ် ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် နောင်မွန်မြို့နယ်ရှိ အမှတ် ၁ မဲဆန္ဒနယ်မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"နောင်မွန်က ပြည်သူများအနေနဲ့မြစ်ကြီးနား - ဆွမ်ပရာဘွမ် ကားလမ်းတစ်ခုတည်းသာ အသုံးပြုနေရပြီးနယ်မြေမတည်ငြိမ်မှုကြောင့် လမ်းများပိတ်နေချိန်မှာ ကုန်ဈေးနှုန်းမြင့်တက်တဲ့ဒုက္ခကို ခံစားနေရတယ်။ အဲဒါနဲ့ ပတ်သက်ပြီး သိချင်တာက နောင်မွန်လေယာဉ်ကွင်း တည်ဆောက်ခြင်းကို ဘာကြောင့် ရပ်ဆိုင်းတယ်၊ ပြန်လည်ဆောက်လုပ်ဖို့ အစီအစဉ်ရှိမရှိနဲ့ လက်ရှိအထိ ဘဏ္ဍာငွေ မည်မျှသုံးစွဲခဲ့ပြီးဆိုတာ သိချင်ပါတယ်"ဟု ဦးချန်တန်ခင်က ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

နောင်မွန် လေယာဉ်ကွင်းတွင် ပေ ၄၀၀၀ x ၁၀၀ ရှိသော ကျောက်ကတ္တရာခင်း လေယာဉ်ပြေးလမ်း တည်ဆောက်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၆၀၀ တင်ပြခဲ့သော်လည်း ရန်ပုံငွေ ခွဲဝေချထားရာတွင် ဖြတ်တောက်ခြင်းခံရသဖြင့် လုပ်ငန်းများ ဆက်လက်မဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်းဦးချန်တန်ခင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဝန်ကြီး ဦးဝင်းညွှန့်က ဖြေကြားခဲ့သည်။

နောင်မွန်လေယာဉ်ကွင်း တည်ဆောက်ရာ၌ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၇၈ ဒသမ ၂၀၃ သန်း၊ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၁၀၀၀၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၁၀၀၀ ကုန်ကျခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆန်လတ်

# အ.ထ.က ပိုင်းမော်အနောက်ဘက်၌ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေသူများကို လူမှုအဖွဲ့အစည်းများ ဝင်ရောက်ဖမ်းဆီး

ဖေဖော်ဝါရီ ၃

ပိုင်းမော်မြို့ရှိ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း အနောက်ဘက်တွင် မူးယစ်ဆေးဝါးများကို ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်း ပြုလုပ်နေသူများအား လူမှုအဖွဲ့အစည်းများက စုပေါင်း၍ဝင်ရောက်ဖမ်းဆီးလိုက်ကြောင်း သိရသည်။

မူးယစ်ဆေးဝါး သုံးစွဲသူများသည် အဆိုပါကျောင်းအနောက်ဘက်တွင် ပွဲလမ်းသဖွယ် စည်ကားစွာရောင်းဝယ်နေကြသည်ဟု သတင်းရရှိသဖြင့် ရပ်မိရပ်ဖများနှင့်အတူ လူမှုအဖွဲ့အစည်းများက အထက်ပါအတိုင်း ဝင်ရောက်ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကတော့ မြစ်ကြီးနား ဒုကထောင်မှာရှိတဲ့ ပတ်ဂျာဆန်က ဦးဆောင်ပြီး ဖမ်းတာပါ။ ကျွန်တော်တို့ နယ်ခံတွေက ဝင်ကူညီခဲ့တာ။ အဲဒီနေရာမှာ သုံးနေကြတာက တော်တော်ကြာပြီ။ ဒီကရဲတွေလည်း ဘာမှ မလုပ်ပေးနိုင်ဘူး။ လူကြီးတွေကလည်း ဘာမှ မလုပ်ကြဘဲ ကြည့်နေကြတယ်"ဟု ဖမ်းဆီးရာတွင် ပါဝင်ကူညီခဲ့သည့် ပိုင်းမော်မြို့ရှိကချင်နှစ်ခြင်းအသင်းတော်မှ သင်းထောက်တစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြသည်။

ထိုသို့ဖမ်းဆီးရာတွင် ရောင်းဝယ်သူများနှင့် သုံးစွဲသူများကို အဓိကဖမ်းဆီးနိုင်ခဲ့သည်ဟု ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဦးဗိုင်ခေါင်းက ပြောသည်။

"အဓိကကတော့ ဘုရားကျောင်းက ဆိုင်ကယ်တွေပျောက်တာနဲ့ ပတ်သက်ပြီး ကျောင်းအနောက်ဘက်ကို စီးသွားတာတွေ့တယ်ဆိုလို့ အဖွဲ့တွေပူးပေါင်းပြီး ဖမ်းလိုက်တာပါ။ သူတို့က ဒီကျောင်း အနောက်ဘက်မှာလာလာပြီးသုံးကြတယ်။ သုံးပြီးသား အမှိုက်တွေကိုလည်း အဲဒီကျောင်းနားမှာပဲ ပစ်ထားတတ်ကြတယ်" ဟုဦးဗိုင်ခေါင်းကရှင်းပြသည်။

အဆိုပါ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများကို အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း ပိုင်းမော်အတွင်း ဖမ်းဆီးရမိသည်ဟု လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကောလာဟလများ ထွက်ပေါ်လာသည်။

"အမျိုးမျိုးတွေ လျှောက်ပြောနေကြတာပါ။ တကယ်ကတော့ ကျောင်းထဲမှာ ဖမ်းမိတာမဟုတ်ပါဘူး။ ကျောင်းအနောက်ဘက်မှာပါ"ဟု အ.ထ.က ၁ ပိုင်းမော်မှ ကျောင်းဆရာတစ်ဦးက ပြောသည်။

အ.ထ.က ၁ ပိုင်းမော်အနောက်ဘက်တွင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူ ၁၅ ဦးခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများကို ဖမ်းဆီးခြင်းနှင့်ပတ်သက်၍ ဦးဆောင်ပြုလုပ်ခဲ့သည့် ဒုကထောင်ရပ်ကွက်ရှိပတ်ဂျာဆန်အဖွဲ့အား မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့နှင့် တွေ့ဆုံခွင့်မရခဲ့ပါ။

ဆိုင်း (ကချင်မြေ)

# လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုကြောင့် ပူတာအိုဒေသတွင် ကုန်စျေးနှုန်းအဆမတန် တက်နေဟု ပြည်သူများပြော



**ဦးယောဘ**
**အသက် ၅၇ နှစ်၊ မြို့မရပ်ကွက်**

ပူတာအိုမြို့ရဲ့ ကုန်စျေးနှုန်း တက်တဲ့နေရာမှာ ပြည်သူတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် အင်မတန်မှ စိတ်မကောင်းစရာပါ။ သူတို့ လက်နက်ကိုင်အချင်းချင်းဖြစ်တဲ့နေရာမှာ စီးပွားရေးသမားတွေက အခွင့်ကောင်းယူပြီး ဆီစျေးကိုကစားလိုက်တာပါ။ ဒါပြည်သူတွေကို ခေါင်းပုံဖြတ်တာ။ အရင်ခေတ်အဆက်ဆက်ကလည်း ပူတာအိုမှာ ဒီလောက်ထိ ဆီစျေးတက်တာမရှိခဲ့ဘူး။ မဖြစ်သင့်တဲ့ ပြဿနာပါ။ ကျွန်တော်တို့ ပြည်သူလူထုအတွက် ဒီအချိန်မှာ ကူညီပေးသင့်တယ်လို့ မြင်ပါတယ်။



**ဦးရိုလီဒီး**
**အသက် ၅၄ နှစ်၊ မူလာရှီးဒီးကျေးရွာ**

ဇန်နဝါရီလ ၂၈ ရက်နေ့က တံတားပျက်တယ်။ ဖေဖော်ဝါရီ ၁ ရက် ၂ ရက်မှာ ဆီကုန်ပြီလို့ ပြောတယ်။ ဒါဟာ လုံးဝမဖြစ်နိုင်ဘူး။ သူတို့လှောင်ထားတဲ့ ဆီဟာ ဂါလံနှစ်သောင်းသုံးသောင်း လှောင်ထားတာ။ ဆီဒိုင်ယူထားတယ်ဆိုတာ ဒါတွေဖြစ်တဲ့အချိန်မှာ တာဝန်ယူပေးဖို့ဖြစ်တယ်။ ဆီဒိုင်တွေက ဆိုင်မှာမရောင်းဘဲ အပြင်မှာ ညမှ ထုတ်ရောင်းတယ်လို့ သိရပါတယ်။ ဒါကြောင့်လည်း ဆီက စျေးကြီးတာ။ အစိုးရအဖွဲ့တစ်ရပ်လုံးကလည်း လုံးဝငြိမ်နေတယ်။ ဒီလို ခက်ခဲတဲ့အချိန်မှာ ကူညီပေးစေချင်ပါတယ်။ ပူတာအိုမြို့နယ်ဟာ အရင်ကနဲ့မတူတော့ဘဲ အောက်ပြည်အောက်ရွာက လမ်းလုပ်အဖွဲ့သားတွေ အများကြီးရောက်လာတယ်။ ဒါကြောင့် အောက်ဘက်ကနေ ဆန်၊ ဆီ၊ ဆားတွေ မတင်နိုင်ရင် နှစ်လသုံးလလောက်ဆိုရင် အရမ်းခက်ခဲသွားမယ်ထင်တယ်။



**ဦးကျားနို**
**အသက် ၅၂ နှစ်၊ လီဆူစာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌ**

လောလောဆယ် ပူတာအိုမြို့နယ်မှာ ဆီစျေးအရမ်းတက်သွားတဲ့အခါကြတော့ ဓါတ်ဆီရောင်းတဲ့ဆိုင်တွေကလည်း ဆီမရောင်းပေးတော့ဘူး။ ဓါတ်ဆီဆိုရင် မီးသေးတောင် ကြောက်ရတယ်။ အခု ရွာကလူတွေက မသိလို့ မြို့ပေါ်ကို လာတယ်။ ဒါပေမယ့် ဆီမရတော့ ဆီပျက်ပြီး ဆိုင်ကယ်ထားခဲ့ရတယ်။ တချို့ သုံးဘီးထားခဲ့ပြီး လမ်းလျှောက်ပြန်ရတယ်။ ပြည်သူတွေက ဒုက္ခအမျိုးမျိုး ခံစားနေရတယ်။ ဆားတစ်အိတ် ဓါတ်ဆီဆိုရင် ၁၂၀၀၀ ပဲရှိတယ်။ ဒီမနက်ဆိုရင် ၁၈၀၀၀ ထိ ရောက်သွားတယ်။ ဒါကြောင့် စားကုန်သောက်ကုန် အကုန်လုံး စျေးတက်သွားပါတယ်။ ဒါကြောင့် ပြည်သူလူထုတွေ ဒုက္ခရောက်နေတဲ့အချိန် ဒီတိုင်းကြည့်မနေသင့်ပါဘူး။ လက်ရှိအာဏာပိုင်အစိုးရက တာဝန်ယူပေးသင့်တယ်လို့ အကြံပြုလိုပါတယ်။



**ဦးယန်ဒူးအောင်ခမ်း**
**(ဂျိန်းဖေါ့စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ) ကောင်ကထောင်ရပ်ကွက်**

အခုဖြစ်နေတဲ့ကုန်စျေးနှုန်း ဆီစျေးတက်တဲ့ပြဿနာဟာ နိုင်ငံရေးအခြေအနေမကောင်းလို့ဖြစ်တယ်လို့မြင်ပါတယ်။ တပ်မတော်နဲ့ (KIA/KIO) ကချင်လွတ်မြောက်ရေးတပ်မတော်တို့ နှစ်ဘက်သောအဖွဲ့အစည်းများက အဆင်ပြေအောင် ညှိနှိုင်းမှသာလျှင် ဒီပြဿနာဟာ ချုပ်ငြိမ်းသွားမယ်လို့ ထင်ပါတယ်။ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုလည်း ကာကွယ်နိုင်ပြီး ဖွံ့ဖြိုးပြီးသာယာဝပြောတဲ့နိုင်ငံကို တည်ထောင်နိုင်မှာ ဖြစ်တယ်။ ဒီလိုသာ ဆက်ပြီးသွားမယ်ဆိုရင် ပြည်သူလူထုလည်း ပိုမိုဒုက္ခရောက်မှာဖြစ်ပါတယ်။

**ဦးဆွတ်နော်**
**နော်ခိုင်ကျေးရွာ – ပူတာအို**

လဆန်း ၁ ရက် ၂ ရက်မှာဆို ဓါတ်ဆီစျေးက အရမ်းတက်ခဲ့တာလေ။ ဓါတ်ဆီက ရှိတောင်မရှိတော့ဘူး။ မြို့ထဲမှာ ဆိုင်ကယ်စီးတဲ့သူတွေကိုတောင် မတွေ့ရတော့ဘူး။ ဆီတစ်ပုလင်းကို ၅၀၀၀ ကျပ်နဲ့ ဝယ်ရတယ်။ ပြီးတော့ ဓါတ်ဆီလည်း မရှိဘူး။ အရမ်းခက်ခဲနေတယ်။ ကျွန်တော်တို့ဆို လမ်းလျှောက်ပြီး သွားရတာ။ ဝန်ထမ်းတွေလည်း အရမ်းခက်ခဲနေကြတယ်။ ဓါတ်ဆီဆိုင်ကြီးတွေဆို ဆိုင်ပိတ်ထားလိုက်တယ်။ ဆီ မရှိတော့လို့တဲ့။ အခုချိန်ထိ ဆိုင်ကပိတ်ထားတာ။ ဒါပေမယ့် အခုက ၁ ပုလင်းကို ၃၅၀၀ နဲ့ ရနေပြီ။ လမ်းဘေးစျေးဆိုင်တွေမှာတော့ ဆီရသေးတယ်။

**ဒေါ်ဘောက်မိုင်**
**ဆွမ်ပရာဘွမ်၊ မလိခရန်ဝလောင်၊ အင်ဒွပ်ယာန် စင်ကျောင်စခန်း – ပူတာအို)**

ပိုက်ဆံကမရှိ။ နည်းနည်းပဲရှိတဲ့ ငွေတွေက ကုန်စျေးနှုန်းကကြီးတော့ ဘယ်လိုလုပ်ရမယ်ဆိုတာကိုတောင် မသိတော့ပါဘူး။ ကုန်စျေးနှုန်းက အားလုံးတက်နေတာလေ။ ကြက်သွန်နီ/ဖြူဆိုတာကိုတောင် မတွေ့ရတော့ဘူး။ ဆန်တစ်အိတ်ကို ၆၀၀၀၀ ပေးရတယ်။ ဆီတွေလည်း အရမ်းစျေးများတော့ မစားနိုင်တော့ဘူး။ ■

## Movie View

**▶ ယခုအပတ် ရုံတင်ရုပ်ရှင်ဇာတ်ကားကြီး**

မြစ်ကြီးနားမြို့ ရောချပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကား
၂ - ၂ - ၂၀၁၈ မှ ၈ - ၂ - ၂၀၁၈ အထိ
မြန်မာတားကို နေ့လည် ၁၂ နာရီမှာတစ်ကြိမ်၊
၇ နာရီခွဲမှာတစ်ကြိမ် - ကောလိပ်ဂျပိုး
မြန်မာကား ညနေပိုင်း ၃ နာရီခွဲတွင် -
လရောင်ဖြာတဲ့ အင်းလေးမှာ






| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# တစ်သျှူးငှက်ပျောခြံပိုင်ရှင်များအနေဖြင့် အလုပ်သမားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အကာအကွယ်ပစ္စည်းများ ပေးစေလိုဟုဆို

ဇန်နဝါရီ ၃

တစ်သျှူးငှက်ပျောခြံပိုင်ရှင်များအနေဖြင့် မိမိတို့ခြံတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအတွက် ကျန်းမာရေးနှင့် ညီညွတ်သောအကာအကွယ်ပစ္စည်းများ ဝယ်ပေးစေလိုသည်ဟု ဝိုင်းမော်မြို့နယ်ရှိ ငှက်ပျောခြံများတွင် အလုပ်လုပ်ကိုင်နေသူများက ပြောသည်။

ငှက်ပျောပင် ဖျန်းတဲ့ဆေးက အရမ်းပြင်းတယ်။ တချို့လူတွေဆို မူးလဲကုန်တယ်။ အဲဒီဆေးကို ရေထဲထည့်လိုက်ရင် ငါးတွေတောင် သေတယ်။ ကျွဲတွေနွားတွေက အဲဒါတွေကို စားမိရင်လည်း သေတယ်။ အဲဒါကြောင့် အလုပ်သမားတွေအတွက် အလုပ်သမားဝတ်စုံတွေ လုပ်ပေးစေချင်တယ်"ဟု ငှက်ပျောခြံ အလုပ်သမားတစ်ဦးဖြစ်သော ကိုလွမ်းခေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

တစ်သျှူးငှက်ပျောခြံတွင် အလုပ်လုပ်ကိုင်နေသူများအနက် ဆေးဖျန်းခြင်းတာဝန်ကို ယူထားရသူများအနေဖြင့်မည်သည့် အကာအကွယ်မှမပါဘဲ လုပ်ကိုင်နေရသည့်အတွက် နောင်တစ်ချိန်တွင် ကျန်းမာရေးထိခိုက်လာမည်ကို စိုးရိမ်ခြင်းကြောင့်ယခုကဲ့သို့တောင်းဆိုလိုခြင်းဖြစ်ကြောင်း ဝိုင်းမော်မြို့နယ်ရှိ ငှက်ပျောခြံတွင် အလုပ်လုပ်ကိုင်နေသော ဦးချစ်ကိုက ပြောသည်။

ကျန်းမာရေးနဲ့ ပတ်သက်တဲ့ဆိုးကျိုးကတော့ အနည်းနဲ့အများတော့ ရှိတာပေါ့။ ကျွန်တော်တို့ ငှက်ပျောပင်ကို ဆေးဖျန်းတဲ့အခါ နည်းနည်းအသက်ရှူကြပ်တယ်။ အခုလောလောဆယ်တော့ ဘာမှမဖြစ်ဘူး။ နောက်တော့ ခံစားရမှာသေချာတယ်။ ဆေးဝါးဆိုတော့ အနံ့ကို ရှူရှိုက်နေရတော့ ထိခိုက်မှာပဲ"ဟု ဦးချစ်ကိုက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယခင်က တစ်သျှူးငှက်ပျောခြံတွင် လုပ်ငန်းလုပ်ကိုင်နေသူများအား ခြံပိုင်ရှင်များက နှာခေါင်းစည်းများ ဝယ်ယူရန် တစ်ဦးလျှင် ၅ ထောင်ကျပ်ပေးသော်လည်း လက်ရှိအချိန်တွင် ထိုသို့ပေးခြင်းမျိုး မရှိတော့ကြောင်း အလုပ်သမားများ၏ ပြောကြားချက်များအရ သိရသည်။

"အရင်က နှာခေါင်းစည်းဝယ်ဖို့ အလုပ်သမားတွေကို တစ်ယောက်ကို ၅ ထောင် ပေးပေမယ့် အခုတော့ အဲလို မပေးတော့ဘူး။ ကိုယ့်ဘာကိုယ်ပဲ ဝယ်သုံးကြတော့ဆိုတဲ့ ပုံစံမျိုးတွေ ဖြစ်လာတယ်။ အလုပ်သမားတွေကလည်း အဲလိုကျတော့ ငွေကုန်ကြေးကျများလာတော့ နှာခေါင်းပိတ်ကို ဆက်ပြီး ဝယ်မသုံးနိုင်ကြတော့ဘူး" ဟု အလုပ်သမားတစ်ဦးဖြစ်သော ဒေါ်ပိုပိုက ပြောသည်။

တစ်သျှူးငှက်ပျောပင်ကို စိုက်ပျိုးလျှင် အပင်သန်ဆေး၊ အရွက်သန်ဆေး၊ အသီးသန်ဆေး၊ ပိုးသတ်ဆေး၊ ငှက်ပျောဖူးသန်ဆေး စသည်တို့ကို နေ့စဉ် အဆင့်ဆင့်ဖျန်းပေးရကြောင်း ကိုလွမ်းခေါင်က ရှင်းပြသည်။

"ဆေးတွေကိုတော့ နေ့တိုင်း ဖျန်းနေရတယ်။ ဒါပေမယ့် ဒီဆေးဗူးတွေနဲ့ပတ်သက်လို့ တိတိကျကျညွှန်ကြားထားတာလည်း မရှိဘူး။ ဘယ်ပုံစံကိုင်ရမယ်၊ ဒီဆေးကို ကိုင်ပြီးရင် ဘာတွေလုပ်ရမယ်ဆိုတာ ဘာမှမပြောထားဘူး။ ဒီအန္တရာယ်တွေနဲ့ ပတ်သက်ပြီး သူတို့က ကာကွယ်မှုတွေအတွက် လုပ်ပေးသင့်မယ်"ဟု ငှက်ပျောခြံတွင် အလုပ်လုပ်ကိုင်သူတစ်ဦးဖြစ်သည့် ဦးဆန်းခိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။




တစ်သျှူး ငှက်ပျောများကို ဝိုင်းမော်မြို့နယ်ရှိ မန်ဝိုင်း၊ ဆိုင်လော်၊ နိန်မော်ယာန်၊ ဆန်ခါး၊ မိုင်းနား စသည့်ကျေးရွာများတို့တွင် အများဆုံးစိုက်ပျိုးနေကြလျက်ရှိပြီး ထွက်ရှိလာသော ငှက်ပျောသီးများအား တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများသို့ ပြန်လည်တင်ပို့နေကြောင်း သိရသည်။

တစ်သျှူးငှက်ပျောခြံတွင် အလုပ် လုပ်ကိုင်နေသူများအနက် ဆေးဖျန်းသည့်အလုပ်သမားများအနေဖြင့် တစ်ရက်လျှင် နေ့စားခ ၆ ထောင် ကျပ်ရရှိပြီး အခြားသောအလုပ်သမားများမှာ တစ်ရက်လျှင်နေ့စားက ၅ ထောင်ကျပ်ရရှိကြောင်း သိရသည်။

ဆန်လတ်

---

# ပူတာအိုနှင့် အခြေခံစားသုံးကုန်များနှင့် ဓါတ်ဆီဈေးနှုန်း အဆမတန်မြင့်တက်နေ

ဇန်နဝါရီ ၆

လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားမှုကြောင့် ပူတာအိုတွင် ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်နေပြီဖြစ်ကြောင်း ဒေသခံများထံက သိရသည်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုသွားရာ ကားလမ်းမှ တံတားနှစ်စင်းအား ကေအိုင်အေတပ်ဖွဲ့က ဖျက်ဆီးခဲ့ခြင်းကြောင့် ကုန်ကားများအသွားအလာ မရှိတော့သည့်အတွက် ယခုကဲ့သို့ ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကုန်ဈေးနှုန်း အဆမတန်မြင့်တက်နေသည်မှာ အဓိကလူသုံးကုန်ဖြစ်သည့် ဆန်နှင့်ဓာတ်ဆီတို့ဖြစ်ကြောင်း ဒေသခံအောင်ခမ်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယခင်က ပူတာအိုမြို့တွင် ဓာတ်ဆီ တစ်ဂါလံကို ငွေကျပ် ၄ ထောင်ခန့်ဖြင့် ရောင်းချနေခဲ့သော်လည်း လက်ရှိအချိန်တွင် ဓါတ်ဆီတစ်ဂါလံလျှင် ၁၉၀၀၀ အထိ မြင့်တက်နေပြီဖြစ်ကြောင်း ကိုအောင်ခမ်းက ဆက်လက်ပြောသည်။

ဓါတ်ဆီဈေးနှုန်းများသည် ဖေဖော်ဝါရီလ ၁ ရက် နှင့် ၂ ရက်အတွင်းတွင် ထိုသို့ အဆမတန်မြင့်တက်လာခြင်း ဖြစ်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

"ပုလင်းတွေထည့်ပြီး ဓါတ်ဆီ ၁ လီတာ လောက်ကို အရင်က တစ်ထောင်နဲ့ရောင်းတာ။ ဒီနေ့မနက်ကစပြီး အဲဒီပုလင်းတွေဆို နှစ်ထောင်ဖြစ်နေပြီ။ နေ့လယ်လည်းရောက်ရော ၂၅၀၀ တဲ့။ အဲလိုနဲ့ တက်တက်သွားတာ ညနေလည်းကျရော တစ်ပုလင်းကို ၄ ထောင် ဖြစ်သွားတယ်"ဟု ပူတာအိုဒေသခံရဲထက်နောင်က ပြောသည်။

ပူတာအိုတွင် ထိုသို့ ဓါတ်ဆီဈေးနှုန်းများ အဆမတန်မြင့်တက်နေသော်လည်း လက်ရှိအချိန်တွင် ဝယ်ယူ၍မရတော့သည်အထိ ဆိုင်များတွင် "ဓါတ်ဆီကုန်ပြီ"ဟူသော စာများရေးသားကာ ချိတ်ထားကြသည်ဟု ဒေသခံများက ပြောသည်။

"အခုတောင် ဆိုင်ကယ်စီးတဲ့လူတွေ သိပ်မရှိတော့ဘူး။ ဆီဆိုင်တွေကလည်း သူတို့ဆီမှာ ဆီတွေ သိပ်မရှိတော့ဘူးလို့ ပြောကြတယ်။ ပူတာအိုရဲ့ အတိုင်းအတာက ဒီအတိုင်းသာ ဆက်သွားမယ်ဆိုရင် တော်တော်လေးကို ခက်ခဲလာမှာပါ။ အခုဆို တခြားကုန်ပစ္စည်းတွေလည်း တဖြည်းဖြည်းနဲ့ ဈေးတက်လာပြီ"ဟု ကိုအောင်ခမ်းက ရှင်းပြသည်။

ဓာတ်ဆီဈေးများ ယခုကဲ့သို့ မြင့်တက်လာခြင်းကြောင့် ကျေးရွာတစ်ရွာနှင့် တစ်ရွာသို့ သွားလာသည့် ခရီးသည်များပါ နည်းပါးလာသည့်အတွက် လုပ်ငန်းရပ်နားထားရသည်ဟု သုံးဘီးယာဉ်မောင်းတစ်ဦးက ပြောသည်။

"လမ်းပန်းဆက်သွယ်ရေး မရတော့ ကုန်ဈေးနှုန်းတွေ အားလုံးတက်လာပြီး ကျွန်တော်တို့ပြည်သူတွေ ဘာမှလုပ်လို့ မရတော့ဘူး။ ဒုက္ခရောက်နေရပြီ။ လမ်းပန်းဆက်သွယ်ရေးတွေ အမြန်ဆုံးပြန်ကောင်းလာမှ အဆင်ပြေမယ်" ဟု မန်စေကျေးရွာမှ ရှမ်းတိုင်းရင်းသားကိုအောင်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အလားတူပင် လက်ရှိအချိန်တွင် ပူတာအို၌ ဆန်တစ်အိတ်လျှင် ငွေကျပ် ၈ သောင်းအခန့်အထိ ဈေးနှုန်းမြင့်တက်နေသည်ဟု သိရသည်။




ပူတာအိုတွင် ယခုကဲ့သို့ ကုန်ဈေးနှုန်းများ ရုတ်တရက် မြင့်တက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ စီးပွားရေးလုပ်ငန်းရှင်များ၏ အမြတ်ထုတ် ဈေးမြင့်တင်မှုကြောင့် ဖြစ်ကြောင်း ဒေသခံများက သုံးသပ်သည်။

ထို့အပြင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့ အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့်လည်း ကုန်ဈေးနှုန်းမြင့်တက်၍ ဒေသခံများက အခက်တွေ့နေရခြင်းဖြစ်ကြောင်း သုံးသပ်ကြသည်။

"ဒီတံတား ပျက်ဆီးရတဲ့ အကြောင်းရင်းကတော့ ကေအိုင်အေ လက်ချက်ကြောင့်ပေါ့။ ဒါပေမယ့် ဒီပြဿနာ ဖြစ်လာတာက မြန်မာ့တပ်မတော်မှာလည်း အများကြီး တာဝန်ရှိတယ်။ သူတို့ စခဲ့တဲ့ ပြဿနာပေါ့။ ဖုန်အင်ယန်ဘက်မှာ ရွှေဖောင်လေးစီးကို မိုင်းခွဲပစ်လိုက်တာကနေစပြီး ကြီးထွားလာတာ။ မလိယန်ဘက်မှာ တပ်မတော်ဘက်က ထိုးစစ်ဆင်ပြီး စခန်းကိုသိမ်းလိုက်တယ်။ အဲဒီကနေ စတာပဲ။ အဓိကကတော့ မြန်မာ့တပ်မတော်က ထိုးစစ်ဆင်မှုတွေ မရှိဘူးဆိုရင် ဒါတွေဖြစ်လာစရာအကြောင်းမရှိဘူး"ဟု ကောင်ကထောင်ရပ်ကွက်မှ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)က သဘောထားတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ထိုထုတ်ပြန်ချက်ထဲတွင် ပူတာအိုခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏ အခက်အခဲများကြုံတွေ့နေရခြင်းနှင့်လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေခြင်းအပေါ် အမြန်ဆုံးကူညီဖြေရှင်းပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ရေးသားဖော်ပြထားသည်။

တပ်မတော်အနေဖြင့် စစ်ရေးထောက်ပံ့မှုများနှင့် စစ်အင်အား ဖြည့်တင်းမှုများ မပြုလုပ်နိုင်စေရန် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းရှိ ဇနန်သံဘောင်ဘေလီတံတားနှင့် စီနင်ခချောင်းကူးတံတား နှစ်စင်းအား ဇန်နဝါရီလ ၂၈ ရက်တွင် ကေအိုင်အေတပ်ဖွဲ့က ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု ကေအိုင်အေအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်ကို ဖြေကြားထားသည်။

Salai

# Miss Imperial Universe Myanmar 2018 အလှမယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဝေရီနှင်းစက်ကို Winner ဆုရှင်အဖြစ် ရွေးချယ်ခဲ့

ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့် Miss Imperial Universe Myanmar 2018 အလှမယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ အလှမယ်ဝေရီနှင်းစက်က Winner ဆု ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါအလှမယ်ပြိုင်ပွဲကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ဖေဖော်ဝါရီ ၄ ရက်ညက ကျင်းပခဲ့ခြင်းဖြစ်ပြီး ထိုပြိုင်ပွဲသို့ မြစ်ကြီးနားကိုယ်စားပြု အလှမယ်အဖြစ် အလှမယ်ဝေရီနှင်းစက်က သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အလှမယ် ဝေရီနှင်းစက်သည် အဆိုပါပြိုင်ပွဲတွင် Miss Imperial Universe Myanmar 2018 Winner ဆုအပြင် People Choice Award ကိုပါ ရရှိခဲ့သည့်အတွက် သူမကိုအားပေးခဲ့ကြသည့် ကချင်ပြည်နယ်မှ ပရိသတ်ကြီးများကို ကျေးဇူးတင်ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်မှတစ်ဆင့် ပြောသည်။

"ညီမကို အားပေးကြတဲ့ ညီမရဲ့ မိဘတွေနဲ့အတူ ကချင်ပြည်နယ်က ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ မြစ်ကြီးနားကိုယ်စားပြုအဖြစ် သွားတာ ပထမဦးဆုံးအကြိမ်ဆိုပေမယ့် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ဖြစ်ခွင့်ရရှိခဲ့တဲ့အတွက် အရမ်းဝမ်းသာတယ်။ ဒီထက်ပိုပြီး ကြိုးစားသွားပါ့မယ်လို့ ကတိပေးပါတယ်"ဟု အလှမယ် ဝေရီနှင်းစက်က ပြောသည်။

အလှမယ် ဝေရီနှင်းစက်သည် ပေါ်တရီနိုင်ငံတွင် ကျင်းပမည့် Miss Imperial Universe 2018 အလှမယ်ပြိုင်ပွဲသို့ ထပ်မံသွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ထိုပြိုင်ပွဲသို့ နိုင်ငံပေါင်း ၅၀ ကျော်မှအလှမယ်များ လာရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆိုင်းထွယ်ဇင်



# အိန္ဒိယတွင်ကျင်းပမည့် Miss ပြိုင်ပွဲအတွက် ကချင်ပြည်နယ်သူ P ဂျာဆိုင်းဘူကို ရွေးချယ်ထား

ဖေဖော်ဝါရီ ၃

အိန္ဒိယနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည့် Miss Glam World 2018 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် P ဂျာဆိုင်းဘူကို ရွေးချယ်ထားသည်ဟု သိရသည်။

Miss Glam World 2018 ပြိုင်ပွဲကို ဧပြီလ ၂၀ ရက် မှ ၂၇ ရက်အထိ အိန္ဒိယနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပြီး ထိုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် Miss Glam World Myanmr 2018 အလှမယ်ကို Myanmar Beauty Paradise Organization က ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင်ယှဉ်ပြိုင်ရန် အလှမယ် P ဂျာဆိုင်းဘူကို ရွေးချယ်ရခြင်းမှာ ၎င်းသည် ပြည်ပပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် အဆင်သင့်ဖြစ်နေသည့် အလှမယ်ဖြစ်သောကြောင့်ဟု Myanmar Beauty Paradise Organization မှ တာဝန်ရှိသူ လယောက်လွမ်းဒေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"P ဂျာဆိုင်းဘူကို ကျွန်တော်တို့ ရွေးချယ်ရခြင်းအကြောင်းကတော့ သူကအလှမယ်ပြိုင်ပွဲ အတွေ့အကြုံတွေ အများကြီးရှိတယ်။ ပြီးတော့ အကျင့်စာရိတ္တ ကောင်းမွန်တယ်။ ဘာသာစကားတတ်ကျွမ်းတယ်။ လူအများနဲ့ ပေါင်းသင်းဆက်ဆံရာမှာ ပြေပြစ်တယ် စတာတွေကြောင့် သူ့ကို ရွေးချယ်လိုက်တာပါ"ဟု လယောက်လွမ်းဒေါင်က ရှင်းပြသည်။

အလှမယ် P ဂျာဆိုင်းဘူသည် လက်ရှိအချိန်တွင် Miss Glam World 2018 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီး ထိုအလှမယ်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၅၀ ကျော်မှ အလှမယ်များ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်



ပရိတ်သတ်ကြီး မင်္ဂလာပါ....
Myithkyina Fashion
ကဏ္ဍက ကြိုဆိုပါတယ်
အပတ်စဉ် တင်ဆက်သွားမည့်
မြစ်ကြီးနားဖက်ရှင်အခန်း
ကဏ္ဍကို မိမိကြိုက်နှစ်သက်ရာ
အလှဓါတ်ပုံပေးပို့ပြီး ယှဉ်ပြိုင်
နိုင်ပါတယ်။ ပါဝင်ရှင်တို့
ပေးပို့လာတဲ့ အလှဓါတ်ပုံတွေထဲက
Editor Choice လုပ်ပြီး
ရွေးချယ်ခံရတဲ့ အလှဓါတ်ပုံကို
ပုံနှိပ်ဖော်ပြသွားမှာဖြစ်ပါတယ်။
ဒေသအသီးသီးမှာရှိကြတဲ့ မိမိနှစ်
မော်လ်ဒယ်၊ မိတ်ကပ်၊ ဓါတ်ပုံဆရာများ
မိမိစိတ်ကြိုက် ဓါတ်ပုံများကို
မြစ်ကြီးနားသတင်းဂျာနယ်သို့
ပေးပို့ပါဝင်ယှဉ်ပြိုင်နိုင်ပါပြီ။

Myitkyina Fashion
ယခုအပတ် ရွေးချယ်ခံရသူကတော့ ...
Model - NI Seng Lat
Make Up - Ah Doi Masan
Photo - Ko Seng
Contact :
Email - myitkyinajournal@gmail.com
Phone - 09-43170745



ရွှေကြာဆင့်
(၂.၃.၂၀၁၈) ရက်နေ့စမည်။
ကချင်ပြည်နယ်အသက်မွေးဝမ်းကျောင်းအတတ်ပညာ (အထူး) သင်တန်း
၁။ ယာဉ်မောင်း/စက်ပြင် (အထူး) သင်တန်း
၂။ ကျောက်စိမ်း၊ကျောက်မျက်ရတနာ (အထူး) သင်တန်း
၃။ ရွှေ (အထူး) နှင့် စိန် (အထူး) သင်တန်း
၄။ တရုတ်စကားပြော (အထူး) သင်တန်း
အထူးအနေဖြင့်- ရပ်ဝေးသင်တန်းသား/သူများအား နေရေး/စားရေး (အခမဲ့) ကျွေးမွေးမည်။
ဆက်သွယ်ရန်လိပ်စာ သင်တန်းတက်ရောက်လိုသူများ ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။
အမှတ် (၃၄၂)၊ ကျွန်းပင်သာရပ်၊ ကျွန်းပင်သာလမ်းမကြီးဘေး၊ ရသာမွန်စားသောက်ဆိုင်အနီး၊ မြစ်ကြီးနား။
ဖုန်း၊ ၀၉-၇၈၄၉၆၆၃၇၀ ၀၉-၇၈၄၉၆၆၃၇၁



မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဧနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဈားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အဝေး နံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘုတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

## ဆုဖလားအောင်မြင်မှုများ မရရှိပါက ဟာရီကိန်းအား လက်လွှတ်ရလိမ့်မည်ဟု စပါးအသင်းအား ရွန်နီသတိပေးပြောဆို



အဲဗာတန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သော မန်ယူ တိုက်စစ်မှူးဟောင်း ရွန်နီက စပါးအသင်းအနေဖြင့် ဆုဖလားအောင်မြင်မှုများ မရရှိပါက အသင်း၏အဓိကကစားသမားဟာရီကိန်းအား လက်လွှတ်ဆုံးရှုံးရလိမ့်မည်ဟု သတိပေးပြောဆိုလိုက်ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူး ဟာရီကိန်းသည် ယခုနှစ် ဘောလုံးရာသီတွင် အထူးခြေစွမ်းပြဂိုးများသွင်းယူလျက်ရှိနေရာ ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန်ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ အဆိုပါသတင်းများနှင့် ပတ်သက်၍ ဝိန်းရွန်နီက "ကိန်းရဲ့စိတ်ခံစားမှုတွေက သွင်းဂိုးတွေဆီကနေ ဆုဖလားတွေဆီကို ရောက်သွားနိုင်ပါတယ်။ အဲ့လိုဆိုရင်တော့ စပါးအသင်းက လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ဆုဖလားတွေရယူနိုင်မှဖြစ်မှာပါ" ဟု ဝေဖန်ပြောဆိုလိုက်သည်။

## ဘာစီလိုနာအသင်း၏ တောင်ပံတိုက်စစ်ကစားသမား ဒမ်ဘီလီအသင်းနှင့်အတူ လေ့ကျင့်ခန်း ပြန်ဆင်းနိုင်ပြီဖြစ်ကြောင်း သိရ

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူ ဘာစီလိုနာအသင်း၏ လူငယ် တောင်ပံတိုက်စစ်ကစားသမား အူစမန် ဒမ်ဘီလီသည် ဒဏ်ရာကြောင့် အနားယူနေရာမှ ယခုအခါ အသင်းနှင့်အတူ လေ့ကျင့်ခန်း ပြန်ဆင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။



ဒမ်ဘီလီသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သော ဆိုဆီးဒက်အသင်းနှင့်ပွဲစဉ်တွင် ဒူးခေါက်ကြောဒဏ်ရာရရှိခဲ့ပြီး ကာလရှည်အနားယူရမည်ဟု ခန့်မှန်းထားကြရာမှ သတ်မှတ်ထားသည့်ရက်ထက်စောပြီး ဒဏ်ရာမှ သက်သာလာခဲ့ခြင်းဖြစ်သည်။ပြင်သစ်လက်ရွေးစင်လူငယ်ကစားသမားတစ်ဦးဖြစ်သူ ဒမ်ဘီလီသည် ဒေါ့မွန်အသင်းမှ ဘာစီလိုနာအသင်းသို့ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိ ပြောင်းရွှေ့ကြေးယူရို ၁၀၅ ခဲ့သူဖြစ်သည်။

## ချယ်လ်ဆီးအသင်းအား ၄ –၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သော အောင်ပွဲသည် ဝက်ဖို့ဒ်အသင်းအတွက် ထိုက်တန်သောနိုင်ပွဲ ဖြစ်ကြောင်း ဒယ်လိုဖူပြောဆို



ဝက်ဖို့ဒ်အသင်းသို့ ပြီးခဲ့သည့်လအတွင်းက အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသော တိုက်စစ်မှူးသစ် ဂျရတ်ဒယ်လိုဖူက ချယ်လ်ဆီးအသင်းအား ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုလိုက်သည်။

"ကျွန်တော်တို့ ဒီနိုင်ပွဲနဲ့ ရမှတ် ၃ မှတ်အတွက် အားလုံးပျော်နေကြပါတယ်။ အသင်းက ပထမပိုင်းမှာ ရုန်းကန်ခဲ့ရပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ကြပါတယ်။ ကျွန်တော့်ရဲ့ ပထမဦးဆုံးပွဲစဉ်အတွက်လည်း သိပ်ကိုကျေနပ်မိပါတယ်"ဟု ပြောဆိုလိုက်သည်။

## ခြေစွမ်းပြနေသည့် တောင်ပံကစားသမား ဆာလာအားအသင်း၌ ကြာရှည်စွာမြင်တွေ့လိုကြောင်း လီဗာပူးနောက်ခံလူဟောင်း ကာရေဂါဖွင့်ဟ



လီဗာပူးအသင်း၏ နောက်ခံကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂျင်မီကာရေဂါက ခြေစွမ်းပြနေသော အသင်း၏ တောင်ပံကစားသမား မိုဟာမက်ဆာလာအား လီဗာပူးအသင်းတွင် လာမည့်နှစ်များစွာ ရှိနေစေလိုကြောင်းဖွင့်ဟပြောဆိုလိုက်သည်။

အီဂျစ်လက်ရွေးစင်တစ်ဦးလည်းဖြစ်သူ ဆာလာသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက ရိုးမားအသင်းမှ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ယခုရာသီ လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၂၈ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။ ကာရေဂါက ဆာလာနှင့်ပတ်သက်၍ "ရီးရဲမက်ဒရစ်တို့ ဘာစီလိုနာတို့လို အသင်းတွေက ကမ်းလှမ်းလာရင် ကစားသမားတွေနဲ့ အသင်းတွေအတွက် ငြင်းပယ်ဖို့အခက်အခဲရှိတတ်ပါတယ်။ ဆာလာဟာ ကစားသမားကောင်းတစ်ဦးဆိုတာ သံသယရှိစရာ မလိုပါဘူး။ သူ အသင်းပြောင်းချင်တယ်ဆိုရင်တောင် နောက်ထပ်နှစ် အတော်ကြာကြာတော့ လီဗာပူးအသင်းမှာ ရှိနေစေချင်ပါသေးတယ်"ဟု ဖွင့်ဟပြောဆိုခဲ့သည်။

ကိုမြင့် (TU)

## ပြည်ထောင်စုအထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ကချင်ပြည်နယ် အား / ကာမှ ကြီးမှူးကျင်းပပေးမည်ဟု သိရ

လာမည့်ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်မည့် ၇၁ ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ်အား/ကာမှ ကြီးမှူး၍ အမျိုးသား အမျိုးသမီး(အလွတ်တန်း) ဖူဆယ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများအားလုံးကို တပ်ကုန်းရပ်ကွက် ရွှေလမ်းမကြီးရှိ ကချင်ရိုးရဲ FC အသင်း၏ မြက်ခင်းတုဖူဆယ်ကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဟု သိရှိရပြီး ဖေဖော်ဝါရီလ ၁၀ ရက်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အမျိုးသားဘောလုံးပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ကျင်းပပေးသွားမည်ဟု သိရသည်။ ပါဝင်ယှဉ်ပြိုင်လိုသော အသင်းများအနေဖြင့် ကချင်ပြည်နယ်အား/ကာရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း ဆုကြေးများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်အား/ကာမှ နည်းစနစ်မှူး ဦးဇာနည်ထွန်းထံမှ သိရသည်။



# Mrs . Union Of Hpakant 2018 Grand Final ပြိုင်ပွဲကို ယခုလ ၂၀ ရက်နေ့တွင် ကျင်းပမည်

ဖေဖော်ဝါရီ ၅

ဖားကန့်မြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် အိမ်ထောင်ရှင်အလှမယ် ရွေးချယ်သွားမည့် Mrs. Union Of Hpakant 2018 Grand Final ပြိုင်ပွဲကို ယခုလ ၂၀ ရက်နေ့တွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲကို ဖားကန့်မြို့ရှိ မဏိဧယျာမွှာရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အိမ်ထောင်ရှင်အမျိုးသမီးများ မိမိ၏အစွမ်းအစကို အကောင်းဆုံး ထုတ်ဖော်သွားနိုင်ရန်နှင့် အိမ်တွင်းအကြမ်းဖက်မှုကို ကာကွယ်တားဆီးနိုင်ရန်ဖြစ်ကြောင်း Regional director ကိုပြည့်စုံအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့က အိမ်ထောင်ရှင် အမျိုးသမီးတွေလည်း အခုလိုလုပ်တယ်။ အရည်အချင်းရှိတယ်။ စွမ်းဆောင်နိုင်ရည် မြင့်မားတယ်ဆိုတာကိုသာမက အမျိုးသမီးတွေလည်း ဦးစီးနိုင်စွမ်းရှိတယ်ဆိုတာ ပြသသွားချင်တဲ့ ရည်ရွယ်ချက်ပါ"ဟု ကိုပြည့်စုံအောင်က ပြောသည်။

ထို အိမ်ထောင်ရှင်အလှမယ် ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များကို ဖေဖော်ဝါရီလ ၀၄ ရက်မှ ၁၉ ရက်အထိ စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲတွင် ရွေးချယ်ခံရမည့် Mrs. Union Of Hpakant 2018 Winner ဆုရှင်ကို ဆုငွေကျပ် ၅ သိန်းနှင့် ရန်ကုန်မြို့တွင် ထပ်မံကျင်းပသွားမည့် Mrs. Union Of Myanmar 2018 ပွဲတွင် ဖားကန့်ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် Mrs. Union Of Hpakant 2018 Winner ဆုအပြင် အခြား Title Award များစွာကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

# Mister & Miss Sea World Myanmar 2018 Grand Final ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ အလှမယ် ဝင်းသီရိအောင်က Second Runner up ဆု ရရှိ

ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့တွင်ကျင်းပသွားခဲ့သော Mister & Miss Sea World Myanmar 2018 Grand Final ပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု အလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝင်းသီရိအောင်က Second Runner upဆု ရရှိခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီလ ၄ ရက်နေ့ ညက Excel Hotel တွင် ကျင်းပသွားခဲ့ခြင်းဖြစ်ပြီး ထိုပြိုင်ပွဲတွင် အလှမယ် ဝင်းသီရိအောင်က Mister & Miss Sea World Myanmar 2018 Second Runner up ဆုအပြင် People Choice Award နှင့် The Best Smile ဆုတို့ကိုပါဆွတ်ခူးခဲ့ကြောင်းသိရသည်။

ထိုကဲ့သို့ပင် ကချင်ပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် Mister တီဆန်းဆုန်းဝမ်ကလည်း New Face Model Award ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

"ကချင်ပြည်နယ်အတွက် ညီမဘက်ကနေ အတတ်နိုင်ဆုံး ကြိုးစားပေးခဲ့တယ်။ အခုဒီဆုတွေ ရရှိသွားတဲ့ဆုအတွက်လည်းဝမ်းသာတယ်။ ဒါပေမယ့် ပရိသတ်ကြီးအတွက် Winner ဆုကြီး မယူပေးနိုင်ခဲ့လို့ စိတ်မကောင်းပါဘူး။ ထပ်ပြီး ကချင်ပြည်နယ်ဂုဏ်ဆောင်နိုင်တဲ့ အလှမယ်ဖြစ်အောင် ကြိုးစားသွားပါ့မယ်"ဟု အလှမယ်ဝင်းသီရိအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အလှမယ် ဝင်းသီရိအောင်သည်ကချင်ပြည်နယ် ရွှေကူမြို့တွင် နေထိုင်သော အလှမယ်တစ်ဦးဖြစ်ကြောင်းသိရပြီး လတ်တလောတွင် ကြော်ငြာများ လက်ခံရိုက်ကူးနေကာ Mister တီဆန်းဆုန်းဝမ်ကမူ မြစ်ကြီးနားမြို့ သီတာရပ်ကွက်တွင် နေထိုင်သူဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

